# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၈၁)၊ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၃-၆-၂၀၂၄၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ




**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် (Pagoda Digital Directory)ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)တို့မှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဂေါပကအဖွဲ့ဝင်များ၊ သာသနာနုဂ္ဂဟာဘွဲ့ရပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ အထင်ကရဘုရားများသာမက ထူးခြားသည့် ဒေသဆိုင်ရာ စေတီပုထိုးများကို Pagoda Digital Directory အဖြစ် Website တွင် ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် ပြည်၊ မကွေး၊ တောင်ငူ၊ သထုံ တို့ပူးပေါင်း၍ Pagoda Digital Directory Web Portal လွှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုရှိ ထင်ရှားသော ဘုရားပုထိုးများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သမိုင်းဝင်ထင်ရှားသော ဘုရားများကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)တို့မှ ပါမောက္ခချုပ်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရွှေမော်ဓောစေတီရင်ပြင်တော်ပေါ်ရှိ ဂေါပကအဖွဲ့ရုံးခန်းမ၌ ကျင်းပသည့် ပဲခူးမြို့ပေါ်ရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဂိုဏ်းပေါင်းစုံ ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာနှင့်

**စာမျက်နှာ ၃ သို့** ❍

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇွန် ၃ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်ခံရရေးအတွက် စီမံဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေး အလားအလာကောင်းများရှိရာ နေရာအများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် အလားအလာအကောင်းဆုံးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ဘူမိနယ်မြေ ၁၅ ခုဖြင့် ပါဝင်ဖွဲ့စည်းထားသည့် "ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်"ကို သတ်မှတ်ကြေညာနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ပထမဆုံးသော အမျိုးသားဘူမိဥယျာဉ်အဖြစ် သတ်မှတ်ပြီးဖြစ်သော ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းတင်ပြဆွေးနွေးဆုံးဖြတ်နိုင်ရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းမှ ရန်ပုံငွေခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ်သတ်မှတ်ခံရရေးအတွက် UNESCO သို့ စာရင်းတင်သွင်းရာတွင် သဘောသဘာဝမတူညီသော ဘူမိနယ်မြေများလေ ပိုကောင်းလေဖြစ်သောကြောင့် နောက်ထပ်ဘူမိနယ်မြေ အသစ်များကို ဆက်လက်ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ပုပ္ပားတောင်ဒေသအတွင်း အဆိုပြုဘူမိနယ်မြေ ၁၄ ခုကိုလည်း အတည်ပြုသတ်မှတ်ခံရရေး ဆောင်ရွက်ရာတွင် ဆက်စပ်ဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ၏ သဘောတူညီချက်များ ရရှိရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း။

သဘာဝအလှတရား၊ ဇီဝမျိုးစုံမျိုးကွဲ၊ ရှေးဟောင်းအမွေအနှစ်၊ ယဉ်ကျေးမှုသမိုင်း စသည့်တန်ဖိုးကြီးမားပြီး အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များကို ဘူမိဥယျာဉ်တွင် တစ်စုတစ်စည်းတည်း တွေ့ရှိနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်ခံရရေးအတွက် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သောဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီဝင်အဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း ဘူမိဥယျာဉ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူက မေ ၃၁ ရက် နံနက် ၉ နာရီက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည့် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၄) အစည်းအဝေး၌ ပြောကြားခဲ့သည်။

ကမ္ဘာ့ဘူမိဥယျာဉ် အဖြစ် သတ်မှတ်နိုင်ပါက နိုင်ငံ၏ ထူးခြားထင်ရှားသော သဘာဝအမွေအနှစ် ထိန်းသိမ်းကာကွယ်ရာတွင် အထောက်အကူပြုနိုင်ရုံသာမက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ပိုမိုသိရှိလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# အမရပူရမြို့နယ်၌ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံနေမှုများ တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေး

**အမရပူရ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံနေမှုများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် အမရပူရမြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းများနှင့် နတ်ရေကန်ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းတို့၌ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများ၊ ကျောင်းသုံးပစ္စည်းများ ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။ **(အောက်ဝဲပုံ)**



၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

အမရပူရမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၀၂ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းနှစ်ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုးသီဟ(အမရ)**

# ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့်သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၈၁လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၃လမ်းနှင့် ၂၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်းမှအမှိုက်နှင့်ဒိုက်များကို လုပ်သားများက ၁၇လမ်းနှင့်၁၈လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၆၈လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက လမ်း၃၀နှင့်၃၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၇၄လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့်ဒိုက်များကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၇လမ်းနှင့် ၂၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၃၁လမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၆၉လမ်းနှင့် လမ်း၇၀ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ချမ်းမြသာစည်တောင်ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် စလေကျောင်းမြောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၆၆Bလမ်း၊ စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာမျက်နှာစာ မြောင်းအတွင်းမှ ဒိုက်နှင့်မြောင်းစာများကို Takeuchi-4ဘက်ဟိုးစက်အသုံးပြု၍ ၁၀၂Aလမ်းနှင့်၁၀၃Bလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် (ည)ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၅၆လမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ပန်းရုံတော်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၆၈လမ်းနှင့် မင်္ဂလာလမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၃Bလမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၄၈Bလမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၀လမ်းနှင့်၁၂၁လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျုံးတိုက်တန်းလမ်း မြောင်းအတွင်းမှအမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအတွင်း အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၆၃ သိန်းကျော် အပ်နှံပြီးစီး

**နေပြည်တော် ဇွန် ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူ ၆၃၉၄၅၂၈ ဦး အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား၊ ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများသို့ လာရောက်၍ ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။



၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအတွင်း ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ကျောင်းအပ်လက်ခံပေးလျက်ရှိ**

ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းလာရောက်အပ်နှံလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက လာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ပညာရေးဝန်ကြီးဌာနမှ ကျောင်းအပ်နှံသည့် ကလေးများအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို အခမဲ့ဖြန့်ဝေပေးပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

---

**❍ ရှေ့ဖုံးမှ**

ဆရာတော်ကြီးများက သြဝါဒကထာများ မိန့်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံအလှူတော်အဖြစ် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးရွှေမော်ဓောဗုဒ္ဓပြတိုက်၊ ၁၄၇၅ ခုနှစ်တွင် ဓမ္မစေတီမင်းကြီး၏ တူးဖော်လှူဒါန်းခဲ့သည့် လိပ်ပြာကန်ကို ပြန်လည်ပြုပြင်တူးဖော်ထိန်းသိမ်းထားရှိမှု၊ ၁၄၇၆ ခုနှစ်တွင် ဓမ္မစေတီမင်းကြီး တူးဖော်လှူဒါန်း၍ ခေါင်းဆေးမင်္ဂလာပြုခဲ့သည့် ခေါင်းဆေးမင်္ဂလာကန်နှင့် ဓမ္မစေတီမင်းကြီး လှူဒါန်းခဲ့သည့် မဇ္ဈိမဒေသသာသနာဝင်၊ ပုဂံသာသနာဝင်၊ ဟံသာဝတီသာသနာဝင်၊ ကလျာဏီသိမ်သမုတ်ခြင်းသမိုင်း၊ ရာမညစေတီသမိုင်း၊ ရွှေမော်ဓောစေတီသမိုင်း၊ ဗုဒ္ဓဘာသာနှင့် မွန်စာပေဆိုင်ရာ သမိုင်းဝင်အချက်အလက်များ ပါရှိသည့် ကလျာဏီကျောက်စာချပ်များနှင့် ဓမ္မစေတီမင်းကြီးက ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ထားသည့် ကလျာဏီသိမ် ပြုပြင်ထိန်းသိမ်းမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

---

# ဒုတိယဝန်ကြီးဦးဝင်းဖေ မင်းဘူးမြို့နယ်နှင့် မကွေးမြို့နယ်အတွင်းရှိ လမ်းလုပ်ငန်းများနှင့် တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး)လမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ် အတွင်းရှိ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်မင်းဘူး-မကွေးလမ်း မိုင်တိုင်အမှတ်(၀/၆)မှ(၁/၀)အတွင်းနှင့် မိုင်တိုင်အမှတ် (၁/၃) နှင့် (၁/၄)အတွင်း အန္တရာယ်ရှိသော လမ်းကွေ့များ (မျက်ကွယ်ကွေ့များ) မြေဖြတ်ခြင်းလုပ်ငန်းနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မင်းဘူးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဥမ္မာလှိုင်က စက်ယာဉ်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းအထူးအဖွဲ့(၁၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်း (မင်းဘူးမြို့တွင်းလမ်းပိုင်း) မိုင်တိုင်အမှတ် (၀/၄) မှ(၁/၅)အထိ ကိုးဖာလုံ မူလကတ္တရာလမ်း ပေ ၃၀ အကျယ်မှ ၄၈ ပေအကျယ် လမ်းချဲ့၍ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကြည်ပိုက လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မင်းဘူး-မကွေးလမ်းပိုင်း လုပ်ငန်းဆောင်ရွက်ရာတွင် လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အသွားအပြန်လမ်းနှင့် လမ်းလယ်ကျွန်း ထည့်သွင်းဆောင်ရွက်ပြီး လမ်းဘေးဝဲယာ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းဒီဇိုင်းမှန်ကန်မှုရှိစေရေး လမ်းအရည်အသွေးကောင်းမွန်ရေးနှင့် လမ်းသားများ မပျက်စီးစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား (မကွေး) လမ်းပိုင်းရှိ မိုင်တိုင်အမှတ်(၆၈/၇) မှ (၆၉/၃)ကြားနှင့် မိုင်တိုင်အမှတ်(၃၉/၁)မှ(၃၉/၃)ကြား ၁၈ ပေမှ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စောမြတ်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား (မကွေး) လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**









❑ စာမျက်နှာ ၂၄ မှ

သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပါအဝင် စုစုပေါင်းဘာသာရပ် ၁၇ မျိုးကို သင်ကြားပို့ချပေးခဲ့သည်ဟုသိရှိရပါကြောင်း၊ ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာမှသာ နိုင်ငံနှင့် ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေအသိပညာဗဟုသုတများကို လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တို့တွင် မှန်ကန်ထိရောက်စွာ လက်တွေ့အသုံးချပြီး လက်ဆင့်ကမ်းမျှဝေပေးခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုပြီး အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

၄င်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းတက်ရောက်ခဲ့ရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူများ ဖြစ်ကြသော ဆရာ၊ ဆရာမများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအမျိုးသားအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



**မန္တလေး ဇွန် ၂**

၂၀၂၄ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးအသင်းသည် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ကြိုဆိုပွဲကျင်းပသည့် မန္တလေးမြို့လမ်း ၃၀ရှိ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနရုံးသို့ ယမန်နေ့ညနေပိုင်းက ရောက်ရှိကြသည်။

ကြိုဆိုပွဲသို့ မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့်တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်တို့မှအား/ကာ အရာရှိများ ပိုက်ကျော်ခြင်းဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အောင်ပွဲရအသင်းသားများ၏ မိသားစုဝင်များက အောင်ပွဲရ ပိုက်ကျော်ခြင်း အသင်းမှအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြများနှင့်လက်ရွေးစင်အားကစားသမားများအား ပန်းကုံး၊ ပန်းစည်းများဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ဆက်အားပေးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အောင်ပွဲရအသင်းအုပ်ချုပ်သူက တိုင်းဒေသကြီး၏ပံ့ပိုးမှုဖြင့် ပါဝင်ယှဉ်ပြိုင်အောင်ပွဲရရှိမှုများကို တင်ပြကာ အမျိုးသားပထမ တံခွန်စိုက်ဆုဖလားကြီးကို ပြန်လည်အပ်နှံရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက လက်ခံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုသည့် ဆုငွေကျပ်(၁၀)သိန်းကို အောင်ပွဲရအသင်းအား ချီးမြှင့်ပေးအပ်ပြီး ညနေစာဖြင့် တည်ခင်းဧည့်ခံ၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄ဝ)**

## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း၏ လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက လမ်း၉၀နှင့် ၂၆လမ်းထောင့်ရှိ စာရေးဆရာ ဦးဟန်သောင်း(ရဲဘော်-ဟန်သောင်း)၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ ဦးဟန်သောင်း(ရဲဘော်-ဟန်သောင်း)က နိုင်ငံတော်မှ ချီးမြှင့်သော ငွေကျပ်နှစ်သိန်းကို K pay မှ ပေးပို့သောကြောင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က အမှာစကားပြောကြားပြီး ယခင်လအစည်းအဝေးမှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ထို့နောက် စာရေးဆရာ စိုင်းအောင်မိန်း(မိုတိုင်း)နှင့် စာရေးဆရာ ဒေါက်တာထွန်းမောင်တို့က အထွေထွေဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်မမနိုင်(မြန်မာ့ရုပ်သေးပညာရှင်)က မြို့နယ်စာရေးဆရာအသင်းဝင်များ၏ လူမှုရေး၊ ကျန်းမာရေး အခက်အခဲများကို ဖြည့်ဆည်းကူညီပေးရန် တင်ပြဆွေးနွေးကြောင်း သိရသည်။

**(ဝ၄၃)**

ဝ-ဝ-ဝ-ဝ-ဝ

## ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဆည် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းမှ ဦးကျော်ဝင်းနိုင် စာရေးဆရာ(မွန်ဇူး)က မြို့နယ်စာရေးဆရာအသင်းဝင်များအနေဖြင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်သွားမည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲများတွင် အသိပညာပေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကိုကိုဇော်(ကာကွန်းဖောင်းဖောင်း)က ကျောက်ဆည်မြို့နယ်အမှတ်(၃) မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိရောင်းချခြင်းများနှင့်ပတ်သက်၍ ရငွေ/သုံးငွေများအကြောင်း၊ စာရေးဆရာအသင်းဗဟိုညီလာခံနှင့် ပတ်သက်သည့် အကြောင်းများ၊ ရွှေကျင်နိကာယ မဂ္ဂဇင်းတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားပေးပို့နိုင်ရေး၊ အသင်းဝင်အသင်းသားများအတွက် ကျန်းမာရေးစရိတ်ထောက်ပံ့နိုင်ရေးနှင့် အသင်းဆိုင်းဘုတ်တင်ခြင်း ဆောင်ရွက်သွားမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင်များက အခြေခံပညာကျောင်းများတွင် ပြုလုပ်သွားမည့် အသိပညာပေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်သွားမည့် အကြောင်းအရာများနှင့် အသင်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေး အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သက်မောင်-ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ-ဝ






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသနှင့် ညောင်ဦးမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ၊ သောက်သုံးရေဖြန့်ဝေပေးနိုင်မှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယမန်နေ့က ညောင်ဦးမြို့သို့ သွားရောက်ခဲ့ကြပြီး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသနှင့် ညောင်ဦးမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ၊ သောက်သုံးရေဖြန့်ဝေပေးနိုင်မှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့ ငှက်ပစ်တောင်ဒေသရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးခြံသို့ ရောက်ရှိကြပြီး ပျိုးခြံအတွင်း၌ ဒေသနှင့်ကိုက်ညီမှုရှိသော ရာသီပန်းပင်အမျိုးမျိုးတို့အား ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ရာသီအလိုက် အရိပ်ရပင်နှင့် ပန်းအလှပင်များဖြင့် လှပသာယာနေရန် စိုက်ပျိုးထားရှိရေးနှင့် လက်ရှိပန်းအလှပင်များအား ပုံစံတူ၊ အမြင့်တူ ပုံသွင်းပျိုးထောင်စိုက်ပျိုးကြရန်တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့သစ် အေးငြိမ်းသာယာ မြို့လယ်ရှစ်မျက်နှာဘုရားလမ်းဆုံရှိ ကြိုဂံမြေနေရာလွတ်တွင် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် လမ်းကာတုံး (Road Curb) များဖြင့် တည်ဆောက်ပြီး ဖြူ/နီ ကျားဆေးသုတ်ခြင်း၊ မြေယာရှုခင်းအလှ ဘဲစားမြက်စိုက်ခင်းစိုက်ပျိုးခြင်း၊ ရောင်စုံစက္ကူပန်းပင် ပန်းအိုးများဖြင့် မွမ်းမံအလှဆင်ခြင်း၊ ဆိုလာလမ်းမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ပုဂံမြို့သစ်ရှိ မြို့နယ်အားကစားကွင်း(ဘောလုံးကွင်း)ရှေ့မျက်နှာစာတစ်လျှောက် ဥပမိရပ်ကောင်းမွန်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ကာ ဘဲစားမြက်စိုက်ခင်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဘောလုံးကွင်းအဝင် လမ်းဘေးဝဲ၊ယာတစ်လျှောက် လမ်းပြုပြင်ခြင်း၊ ရောင်စုံစက္ကူပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ညောင်ဦးလေဆိပ်သွားသည့် လမ်းမကြီးဝဲ၊ယာရှိ အပင်ကြီးများအား အောက်ခြေကိုင်းရှင်းခြင်း အလင်းဖွင့်လုပ်ငန်းဆောင်ရွက်မှုနှင့် အပင်ခြေထုံးဖြူသုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အနော်ရထာလမ်းမကြီးတစ်လျှောက် အလင်းဖွင့်လုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် လမ်းမကြီးဝဲ၊ယာတွင် ချုံနွယ်ပင်များ ပေ ၂၀ အထက် လုံးဝမရှိစေရေး၊ ချုံရှင်း၊ အောက်ခြေရှင်းလုပ်ငန်းများဆောင်ရွက်ပေးရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် အနော်ရထာလမ်းနှင့် လေဆိပ်သွားလမ်းတစ်လျှောက် လမ်းလယ်ကျွန်းရှိ အပင်များ ဖြစ်ထွန်းရှင်သန်မှုအခြေအနေကိုလည်းကောင်း၊ ညောင်ဦးမြို့ ဘက်စုံသုံး မြို့နယ်ခန်းမအနီးရှိ ပန်းခြံအတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ထပ်မံဖြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပန်းခြံသို့အဝင်၊ အထွက်လမ်းအတွက် လမ်းအူကြောင်းနေရာသတ်မှတ်ပြီး လမ်းလယ်ကျွန်းမှ ရွှေ့ပြောင်းပေးရမည့် ပန်းအလှပင်များနှင့် ထန်းပင်ကြီးများ ပြန်လည်စိုက်ပျိုးရေးနှင့် အဝင်လမ်းအတွက် လမ်းလယ်ကျွန်းအား ပြုပြင်ရေးကိစ္စများ သတ်မှတ်ဆောင်ရွက်ပေးခဲ့သည်။





တိုင်းဒေသကြီး ဝန်ကြီးက ပုဂံ-ညောင်ဦးမြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့်မြို့ဖြစ်၍ မြို့အဝင်၊ အထွက်နေရာများ သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် လမ်းလယ်ကျွန်းများ၌လည်း အမြဲတမ်းစိမ်းလန်းစိုပြည်နေစေရန် ဘဲစားမြက်စိုက်ခင်းနှင့် ကြံစာကဲ့သို့ အပူဒဏ်ခံအပင်များ၊ ဒေသမျိုးရင်းအပင်များဖြင့် ရာသီမရွေး စိမ်းလန်းစိုပြည်နေအောင် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအား စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လမ်းမကြီးများ၏ ဘေးဝဲ၊ယာရှိ နေအိမ်များ၊ ဟိုတယ်၊ ဆိုင်ခန်းများ စသည်တို့၏ မျက်နှာစာတွင် အိမ်ရှင်၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ရှေ့မျက်နှာစာမြေများ သန့်ရှင်းသာယာလှပရေး စိုက်ပျိုးပြုပြင်ဆောင်ရွက်ပေးရန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့ လောကနန္ဒာဘုရားအနီးရှိ ပုဂံမြို့သို့ ရေပေးဝေလျက်ရှိသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လောကနန္ဒာမြစ်ရေတင်စက်ရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာအဖွဲ့တို့က ပုဂံမြို့ရှိ ရပ်ကွက်(၃)ရပ်ကွက်၊ အိမ်ခြေ(၁၆၉၆) အိမ်၊ လူဦးရေ(၉၉၄၃)ဦးတို့အတွက် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဧရာဝတီမြစ်ရေကို တစ်ရက်လျှင် ဂါလန် (၁၆၀၀၀၀)အား ၆ နာရီခြားတစ်ခါ အလှည့်ကျ သောက်သုံးရေဖြန့်ဝေပေးနိုင်မှု၊ ပုဂံမြို့သစ်အပါအဝင် ကျန်ရှိရပ်ကွက်များအတွက် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် လိုအပ်ချက်အခြေအနေများကိုလည်းကောင်း၊ ငှက်ပစ်တောင် နှင့် ကူးနီကုန်းရေလှောင်ကန်များမှ ညောင်ဦးမြို့ရှိ ရပ်ကွက်ကြီး (၆)ရပ်ကွက်၊ အိမ်ခြေ(၆၆၀၁)၊ လူဦးရေ(၂၉၂၃၄)ဦးတို့အား တစ်ရက်လျှင် လက်ရှိရေဂါလန်(၃၈၀၀၀၀)ဖြန့်ဝေပေးနိုင်မှု၊ ရေလှောင်ကန်များ၊ ရေစစ်ကန်များ ထပ်မံတည်ဆောက်ရေးနှင့် ရေစုပ်ပန့်မော်တာများ အသင့်အရန်ထားရှိဆောင်ရွက်ပေးရေး၊ ၂၄ နာရီ လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် ညောင်ဦးမြို့အတွက် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် လိုအပ်ချက်အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးက ထပ်မံလိုအပ်လျက်ရှိသော ပုဂံမြို့သစ်ဒေသနှင့် ညောင်ဦးမြို့တို့အတွက် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ ပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေစုပ်ပန့်မော်တာများ အရန်ဖြည့်တင်းခြင်းတို့အတွက် လိုအပ်သည့် ကုန်ကျစရိတ်များ နှစ်စဉ်တွက်ချက်တင်ပြပေးကြရန်နှင့် ဘဏ္ဍာငွေလိုအပ်ချက်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသော်လည်း၊ ဝိသမလောဘသားများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်အမှန်တကယ်မဖြစ်သည့် ရွှေဈေးနှုန်းများကို လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချိ၍ ရွှေဈေးနှုန်းကစားပြီး နိုင်ငံ့စီးပွားရေးမငြိမ်မသက်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် တရားမဝင်ရွှေအရောင်းအဝယ်ပြုလုပ်နေသည့် ပွဲစားများအပါအဝင် စုစုပေါင်း တရားခံ ၂၁ ဦးကို ဖော်ထုတ်ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ဆောင်ရွက်လျက်ရှိသည့် အောက်ပါတရားခံ ၁၀ ဦးအား ဥပဒေနှင့်အညီ ခေါ်ယူစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းမခံရစေရန် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  ဦးကျော်ငြိမ်း | စိန်ကျော်မိုးရွှေဆိုင် | အမှတ်(၁၀၉)၊ မြေညီထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၂ |  ဦးမျိုးသူဝင်း | အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း | အမှတ်(ဒီ/၁၈)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၃ |  ဦးသက်နောင်ဝင်း | ခရမ်းသုံးခွရွှေဆိုင် | အမှတ်(၁၁၉)၊ ဒုတိယထပ်၊ (၂၉)လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၄ |  ဦးဆန်းဝင်း | ဖွဲ့ထက်ရွှေဆိုင် | အမှတ်(၆၅)၊ (၂၂)လမ်း၊ မဟာဗန္ဓုလလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၅ |  ဦးအောင်ဆန်းဝင်း | အောင်သမာဓိရွှေဆိုင် | အမှတ်(၁၁၂)၊ ၈၉ လမ်း၊ ၃၀ x ၂၂ ကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | |
| ၆ |  ဦးအောင်ကောင်းမြတ် | ဝိန့်စိန်ရွှေဆိုင် | အမှတ်(၄၅၇)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၇ |  ဦးအေးကြူ | ရွှေဇင်ဝင်း ရွှေသန့်စင်လုပ်ငန်း | (၂၉)လမ်း၊ အောက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၈ |  ဦးကျော်ဝင်း(ခ) ပန်းသီး | ပွဲစား | အမှတ်(၂၈)၊ သိမ်ဖြူဈေးဖြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၉ |  ဦးညီညီဦး(ခ)ချက်ကြီး | ပွဲစား | အမှတ်(၂)၊ မင်္ဂလာရိပ်သာ၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၀ |  ဒေါ်တင်တင်ခိုင်(ခ) စန္ဒာတင် | ပွဲစား | အမှတ်(၉၅)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |

ထိုကဲ့သို့ ပြည်တွင်းရွှေဈေးကွက်အတွင်း ရွှေဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ရွှေအရောင်းအဝယ်ပြုလုပ်နေသည့် ပွဲစားများအပါအဝင် ဖမ်းဆီးရမိတရားခံ စုစုပေါင်း ၂၁ ဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ ၁၀ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အဆိုပါထွက်ပြေးတိမ်းရှောင်နေသည့်တရားခံများကိုသိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# စစ်တွေမြို့ ကံပြင်ရွာသစ်နှင့် ရွာဟောင်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂

စစ်တွေမြို့ ကံပြင်ရွာသစ်နှင့် ရွာဟောင်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁ ရက် ညနေပိုင်းက မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




စစ်တွေမြို့ ဗျိုင်းဖြူကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၃၀ ရက်က ဗျိုင်းဖြူကျေးရွာတွင် လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် အနီးဝန်းကျင်ကျေးရွာများသို့ သွားရောက်ခြင်း၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း AA သောင်းကျန်းသူများက ဒေသခံများနေထိုင်သည့် မြို့ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ၊ မီးရှို့ဖျက်ဆီးမှုများအပါအဝင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Se Se(Nay Myo Se Thu Soe)” Facebook Page နှင့် “နေမျိုးစည်သူစိုး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆)ရပ်ကွက်နေ နေမျိုးစည်သူစိုး(ခ)စည်စည်(ခ)အခြောက်မအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “July Hein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်နေ ဂျူလိုင်ဟိန်းအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Bentley Hemmington တို့ မိသားစု ပေကျင်းတွင် တရုတ်ပရိသတ်များနှင့် တွေ့ဆုံခဲ့

ဝီလျံနှင့် ဘန်တလေ ဟယ်မင်တန်မိသားစုကို Return of Superman နှင့် ကမ္ဘာ့အနှံ့ပရိသတ်အားပေးထားကြရာ တရုတ်



နိုင်ငံလည်း ပါဝင်ပြီး ပေကျင်းမြို့တွင် ပရိသတ်များနှင့်တွေ့ဆုံခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံအနှံ့ နေပူကျဲကျဲတွင် ဘန်တလေတို့မိသားစုလည်ပတ်ခဲ့ကြရာ နှစ်ရက်ကြိုတင်စာရင်းပေးရသည့် Forbidden City အပါအဝင် အနှံ့အပြား လည်ပတ်၍ ပေကျင်းဘဲကင်နှင့်သိုးသားပါ စားခဲ့ကြကာ တရုတ်ပရိသတ်များက လက်ဆောင်များပေး၍ တွေ့ဆုံခဲ့ကြသည်။

ဘန်တလေဟယ်မင်တန်တို့ မိသားစုပေကျင်းခရီးစဉ်ဗီဒီယိုလည်း မကြာမီထွက်ရှိလာမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားစောင့်မျှော်နေကြသည်။

(SKY)



## ကမ္ဘာနှင့် အရွယ်အစားတူသော ဂြိုဟ်တစ်လုံးကို နဂါးငွေ့တန်းအတွင်း ရှာဖွေတွေ့ရှိထား

နေအဖွဲ့အစည်းမှ အလင်းနှစ် ၅၅ နှစ်ခန့်သာ ကွာဝေးသော ကြယ်နီတစ်လုံးကိုလှည့်ပတ်နေသည့် ကမ္ဘာနှင့် အရွယ်အစားတူသောဂြိုဟ်တစ်လုံးကို နဂါးငွေ့တန်းအတွင်း ရှာဖွေတွေ့ရှိထားကြောင်း သိပ္ပံနှင့် နည်းပညာ နေ့စဉ်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စပက်ကျူလုစ် ၃ ဘီဟု အမည်ပေးထားသော အဆိုပါဂြိုဟ်ကို ဆီလီကွန်တောင်ကြားရှိ နာဆာအဖွဲ့၏ အေမက်စ်သုတေသနဌာနက ဂျိမ်းစ်ဝက်ဘ်အာကာသမှန်ပြောင်းဖြင့် အဆိုပါဂြိုဟ်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဘယ်လ်ဂျီယမ်နိုင်ငံ လိုက်တက္ကသိုလ်မှ မိုက်ကယ်ဂီလွန် ဦးဆောင်သော အာကာသသိပ္ပံပညာရှင်များက စပက်ကျူလုစ် ၃ ဘီဂြိုဟ်ကို စူးစမ်းလေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်အသေးစိတ်ကို မေ ၁၅ ရက်နေ့ထုတ် နေးချားနက္ခတ္တသိပ္ပံဂျာနယ်တွင် စာတမ်းရေးသားပြီး တင်ပြထားကြောင်း သိရသည်။ SCI

## Zhao Lusi က ကုန်အမှတ်တံဆိပ် ၂၂ ခုနှင့် အမြင့်ဆုံး ကြော်ငြာရှင် ဖြစ်

တရုတ်အမျိုးသမီးအနုပညာရှင် ကျန်လူဆီသည် အမျိုးသမီးအနုပညာရှင်များထဲတွင် ကုန်အမှတ်တံဆိပ် ၂၂ ခုနှင့် အမြင့်ဆုံးကြော်ငြာရှင်ဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လက်ရှိ Harman/JBL ၏ Greater China region ဆိုင်ရာ ကုန်အမှတ်တံဆိပ်ပြောရေးဆိုခွင့်ရှိသူအဖြစ် ကျန်လူဆီကို ခန့်အပ်ထားသည်။

အမျိုးသားအနုပညာရှင်များတွင် ဝမ်ရိဘိုက Yan Zhi Wu/ Yan Palace ၏ Global အဆင့်ကုန်အမှတ်တံဆိပ်ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခံရပြီး သရုပ်ဆောင်ဖြစ်ချိန်တွင် ထပ်မံ၍ ကုန်အမှတ်တံဆိပ် ၂၇ ခုနှင့် အမြင့်ဆုံးကြော်ငြာရှင် ဖြစ်သည်။

ကျန်လူဆီနှင့် ဝမ်ရိဘိုတို့နှစ်ဦး အနုပညာလောကတွင် တောက်ပသည့် ကြယ်ပွင့်များအဖြစ် မြင်တွေ့ကြရသည်။

(SKY)



## Lauren Tsai@ LaLa မော်ဒယ်လ်ဖြစ်သော်လည်း ပန်းချီပညာစိတ်ဝင်စား

မော်ဒယ်လ်လာလာ(ခေါ်)လော်ရန်တီဆိုင်းသည် အနုပညာလောကတွင် ပန်းချီပညာကို စိတ်ဝင်စားခဲ့၍ ပုံဆွဲချိန်ပေးသူဖြစ်သည့် ဥရောပနှင့်အာရှအလှရောနှောထားသူ ဖြစ်သည်ဟု ကိုရီးယားဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လာလာကို ဖခင် တရုတ်နွယ်ဖွား အမေရိကန်လူမျိုးနှင့် မိခင် ဥရောပနွယ်ဖွား အမေရိကန်လူမျိုးတို့မှ အမေရိကန်မန်ဆာချူးဆက်ပြည်နယ်တွင် မွေးဖွားခဲ့ပြီး ဟာဝိုင်အီတွင် နေထိုင်ခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ အချစ်ရသစုံအစီအစဉ် Herrace House တွင် ပါဝင်၍ နာမည်ကြီးလာကာ နတ်ထွက်ခဲ့ပြီး ကြော်ငြာမော်ဒယ်လ်အဖြစ် အောင်မြင်ခဲ့သော်လည်း ပန်းချီဆွဲခြင်းကို စိတ်ဝင်စားခဲ့ကာ ဂျပန်အေဂျင်စီနှင့် လက်တွဲထားသည်။

ဂျပန်နှင့်အမေရိကန်နိုင်ငံတွင် လုပ်ကိုင်နေပြီး အင်္ဂလိပ်၊ တရုတ်၊ ဂျပန်စကား ကျွမ်းကျင်သည့် ပတ်ဆိုးဂျမ်၏ ချစ်သူလေးအဖြစ် ရေပန်းစားနေသည်။

(SKY)

၀-၀-၀-၀-၀-၀

## God Power ရာမယဏရုပ်ရှင်မှ လက်ာပြည့်ရှင် အသူရာဘုရင့်ဝတ်စုံ ရွှေထည်နှင့် ပြုလုပ်ထား

ဒါရိုက်တာ နိုက်ရှ်တီဝါရီ၏ God Power ရုပ်ရှင်တွင် ဘတ်ဂျက်ငွေများစွာ သုံးထားပြီး ဗီလိန်ဇာတ်ကောင် လင်္ကာဘုရင် Ravan ဝတ်စုံကို ရွှေထည်နှင့် ထူးခြားစွာ ဖန်တီးထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



လင်္ကာပြည့်ရှင်အသူရာဘုရင် Ravan ဝတ်စုံကို ရွှေထည်အလေးချိန် ၁၅ ကီလိုအသုံးပြုထားပြီး ဇာတ်ကောင်စရိုက် ပိုမိုပေါ်လွင်စေရန်နှင့် လင်္ကာပြည်၏ ရွှေရောင်လွှမ်းမိုးသည့် အခြေအနေကို ပြသရန်အတွက်ဟု သတင်းတွင် ဖော်ပြထားသည်။

ရင်းမြစ်အချို့၏ အဆိုအရ God Power ကို နှစ်ပိုင်းတွဲရုပ်ရှင်အဖြစ် ထွက်ရှိလာမည်ဖြစ်ပြီး အိန္ဒိယရူပီး သန်း ၈၃၅၀ နှင့် ရက်ပေါင်း ၆၀၀ ထိ အချိန်ယူ ရိုက်ကူးမည်ဖြစ်ပြီး လင်္ကာဒီပပြည့်ရှင်ဝတ်စုံကို အထူးဖန်တီးထားကာ ၂၀၂၇ ခုနှစ် အောက်တိုဘာတွင် ရုံတင်မည်ဖြစ်သည်။

(SKY)

## Xiao Zhan ၏ The Greatest Hero မှာ Cannes ပွဲဦးထွက်ဖြစ်လာ

ရှောင်းကျန့်ပါဝင်ထားသည့် မှာ The Legend of the Heroes of the Condar ; The Greatest Hero ၏ ပွဲဦးထွက်ဖြစ်ပြီး ကိုယ်ခံပညာရုပ်ရှင်ရွှေခေတ်ကို ပြန်လည်စတင်ထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ယနေ့ခေတ်တွင် အရှေ့တိုင်းသိုင်းပညာဆွဲဆောင်မှုသည် ဒေသနှင့်ယဉ်ကျေးမှုနယ်နိမိတ်များကို ကျော်လွန်ကာ ကမ္ဘာ့စင်မြင့်အလယ်တစ်ဖန် ပြန်လည်ထွန်းလင်းလာသည်ကို ပြဇာတ်အဖြစ် တင်ဆက်ထားရာ ရှောင်းကျန့်ပါဝင်ထားသည့်အပြင် ဒါရိုက်တာတီဆွတ်ဟာတ် လက်စွမ်းပြထားသည်။

ဒါရိုက်တာတီဆွတ်ဟာတ်၏ ဂန္ထဝင်လက်ရာများကို Cannes တွင် ပထမဆုံးပြသထားရာ ဇာတ်ကောင်၏ ကိုယ်ခံပညာကို သာမက နူးညံ့မှုနှင့်သူ့ကို ဝန်းရံနေသည့် တိုင်းပြည်နှင့် လူမျိုးအတွက် ဖြောင့်မတ်မှုကိုပါ ပြသခဲ့ရာ ရှောင်းကျန့်ကို စိန်ခေါ်မှုအသစ်နှင့် တွေ့ရသည်။

ယင်းရုပ်ရှင်တွင် တရုတ်ရိုးရာယဉ်ကျေးမှုများ၏ ဆွဲဆောင်မှုကို ကမ္ဘာသိအောင် ပြသမည့်အခွင့်အရေးရရှိကာ လှုပ်ရှားမှုတစ်ခုချင်းစီကို စွမ်းအားနှင့် အလှတရားများပေါင်းစပ်ပုံဖော်ထားသည်။

(SKY)







## Jackie Chan ၏ A Legend မှာ The Myth အဆက်ဖြစ်ကြောင်း သိရ

နာမည်ကျော်ဟာသအက်ရှင်မင်းသားကြီး ဂျက်ကီချန်း၏ ဂန္ထဝင်ရုပ်ရှင် The Myth အပိုင်းနှစ်ကို A Legend ဟု အမည်ပေးထားပြီး မင်းသမီးနှင့် စစ်သူကြီးအချစ်ဇာတ်လမ်းဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ The Myth ကို ဂျက်ကီချန်းက တောင်ကိုရီးယားမင်းသမီးကင်ဟီဆန်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်ရင်ထဲ ဒဏ္ဍာရီတေးတစ်ပုဒ်အဖြစ် ထင်ကျန်ရစ်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် The Myth နောက်ဆက်တွဲ A Legend ကို ရှေးဟောင်းသုတေသနအနုပညာရှင်ကြီးက တပည့်ကျောင်းသားလေးနှင့် အိပ်မက်ထဲမှ မိန်းကလေးတို့ အချစ်ဇာတ်လမ်းကို စွန့်စားခန်းဖွင့်အဖြေရှာပေးမည့် ဇာတ်လမ်းဖြစ်သည်။

ဂျက်ကီချန်းနှင့်အတူ အိပ်ဖိုအဖွဲ့ဝင်ဟောင်း Lay @ ကျန်းရီရှင်း၊ မင်းသမီး ဂူလီနာကျာ၊ အဖရီရာမန်လီချန်၊ ဒေါင်ရှောင်၊ ဖုန်ရှောင်ရန်၊ ကျန်းရီချန်း စသည့် အနုပညာရှင်များနှင့် အားဖြည့်တင်ဆက်ထားသည်။

(SKY)

# တရုတ်နိုင်ငံမှ လွှတ်တင်သော ချန်ဂီ ၆ လဆင်းယာဉ် လ၏တောင်ဝင်ရိုးစွန်းသို့ အောင်မြင်စွာရောက်ရှိ



**ပေကျင်း ဇွန် ၂**

တရုတ်နိုင်ငံမှ လွှတ်တင်သော ချန်ဂီ ၆ လဆင်းယာဉ် လ၏ တောင်ဝင်ရိုးစွန်းသို့ ဇွန် ၂ရက်၊ ပေကျင်းစံတော်ချိန် နံနက် ၆နာရီ ၂၃မိနစ်က အောင်မြင်စွာ ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မေ ၃ရက်က တရုတ်နိုင်ငံ ဝင်ချန်းအာကာသစခန်းမှ လွှတ်တင်ခဲ့သော ချန်ဂီ ၆ အာကာသယာဉ်သည် လမျက်နှာပြင်ပေါ်ရှိ မည်သည့်နိုင်ငံမျှ မရောက်သေးသော တောင်ဝင်ရိုးစွန်းရှိ အိုက်ကင်လွင်ပြင်ထဲသို့ ဆင်းသက်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာမြေဘက်ခြမ်းမှ ပကတိမျက်စိဖြင့် လုံးဝမြင်တွေ့ခွင့်မရနိုင်သောနေရာမှ ၂ကီလိုဂရမ်အလေးချိန်ရှိမည့် လ၏ မြေ သားနမူနာကို ချန်ဂီ ၆ လဆင်းယာဉ်က စုဆောင်းရယူပြီး ပြန်လာမည်ဟု ဆိုသည်။

လမျက်နှာပြင်ပေါ်မှ ရယူခဲ့ပြီးဖြစ်သော မြေသားနမူနာများကို ဓာတ်ခွဲစစ်ဆေးကြည့်သော အခါ မီးတောင်နှင့် ဆက်စပ်သော ကျောက်သားမြေသားများဖြစ်နေသော်လည်း တရုတ်နိုင်ငံက ယခုစုဆောင်းယူလာမည့် လ၏မြေသားနမူနာတွင် ထူးခြားမှုရှိ၊ မရှိ သိလိုစိတ်ပြင်းပြနေမိကြောင်း ဗြိတိန်နိုင်ငံမန်ချက်စတာတက္ကသိုလ်မှ ပါမောက္ခပါနက်ဖစ်ရှာက ထုတ်ဖော်ပြောကြားသည်။ **Mon**



# အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ မဲနိုင်ပြီး ထပ်မံအာဏာ ရနိုင်ခြေရှိနေ

**ဒေလီ ဇွန် ၂**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီအနေဖြင့် ယခုနှစ်ရွေးကောက်ပွဲတွင်လည်း မဲနိုင်ပြီး ထပ်မံအာဏာရနိုင်ခြေရှိနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၄င်းဦးဆောင်သည့် ဘီဂျေပီအာဏာရပါတီအနေဖြင့် နိုင်ငံရေးမဟာမိတ်တောင့်တင်းသဖြင့် တစ်ပါတီတည်းဖြစ်စေ မဟာမိတ်အဖွဲ့လိုက်ဖြစ်စေ မဲနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

မေ ၄ရက်တွင် အိန္ဒိယတစ်နိုင်ငံလုံး၏ရွေးကောက်ပွဲ မဲရလဒ်ထွက်လာပြီးမှသာ ၄င်း၏တတိယမြောက်နိုင်ငံရေးသက်တမ်းကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ



တစ်ကမ္ဘာလုံးသို့ ဖြန့်ချိပြသရန် တရုတ်နိုင်ငံ အမျိုးသားဘဲလေးကဇာတ်ရုံကြီးတွင် မကြာသေးမီကရိုက်ကူးခဲ့သော ဘဲလေးကချေသည်များ၏ ကပြတင်ဆက်မှုများအနက်မှ စုံတွဲကကွက် တစ်ခုကိုတွေ့ရစဉ်။ **Mon**

# အမှိုက်အိတ်ချည်နှောင်ထားသော မိုးပျံဘောလုံးများ မြောက်ကိုရီးယားဘက်မှ ထပ်မံပို့လွှတ်ခဲ့သည်ဟု ဆို

**ဆိုးလ် ဇွန် ၂**

တောင်ကိုရီးယားနိုင်ငံအတွင်းသို့ အမှိုက်အိတ်ချည်နှောင်ထားသော မိုးပျံဘောလုံးများကို ဇွန် ၁ရက်တွင် မြောက်ကိုရီးယားဘက်မှ ထပ်မံပို့လွှတ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ညနေပိုင်းတွင် မိမိတို့နယ်နိမိတ်အတွင်းသို့ ကျရောက်လာသော မိုးပျံဘောလုံးများနှင့် အမှိုက်အိတ်များကို လိုက်လံရှာဖွေစစ်ဆေးခဲ့ရာ အများပြည်သူဘေးဖြစ်စေမည့်အရာမပါရှိသည်ကို တွေ့ရကြောင်း တောင်ကိုရီးယား စစ်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အိတ်အများစုသည် ကျရောက်လာသောနေရာတွင် ချက်ခြင်းပေါက်ပြဲကာ အတွင်းမှ အမှိုက်များထွက်ကျလာပြီး ယင်းအမှိုက်များထဲတွင် အဝတ်နှင့်စက္ကူအပိုင်းအစများ၊ စီးကရက်ဖင်စီခံများပါဝင်ကြောင်း ဓာတ်ပုံများတွင် ဖော်ပြထားသည်။

ယင်းအမှိုက်မိုးပျံဘောလုံးများသည် မိမိတို့ပေးပို့သော လက်ဆောင်များဖြစ်သည်ဟု မြောက်ကိုရီးယားခေါင်းဆောင်၏ နှမဖြစ်သူ ကင်မ်ယိုဂျောင်းကပြောကြားသည်ဟု ကေစီအင်န်အေသတင်းဌာနကဖော်ပြသည်။ **Mon**



# ဂါဇာအပစ်ရပ် အစီအစဉ်ကို လက်ခံအတည်ပြုလျှင် နုတ်ထွက်မည်ဟု အစွန်းရောက်ဝန်ကြီးနှစ်ဦးအကျပ်ကိုင်

**ဂျေရုဆလင် ဇွန် ၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အားပေး ထောက်ခံသည်ဟုဆိုကာ ဂါဇာကမ်းမြောင်ဒေသအပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို လက်ခံအတည်ပြုလျှင် မိမိတို့ရာထူးမှ နုတ်ထွက်မည်ဟု အစွန်းရောက်ဝန်ကြီးနှစ်ဦး အကျပ်ကိုင်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့အကျပ်ကိုင်နေသူနှစ်ဦးမှာ ဘဏ္ဍာရေးဝန်ကြီး ဘီဇလဲလ်စမိုထရစ်ချ်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး အာတာမာဘင်ဂဗီယာတို့ဖြစ်သည်။

ဝန်ကြီးချုပ်ဘင်ဂျမင်နက်တန်ယာဟုကိုယ်တိုင်က ထိုအစီအစဉ်ကို ထောက်ခံသည်ဟုဆိုလျှင် ညွန့်ပေါင်းအစိုးရမပြိုကွဲသင့်ဟု အတိုက်ခံခေါင်းဆောင် ယာလပစ်က ထောက်ပြခဲ့ကြောင်း သိရသည်။ **Mon**

# ပဲရစ်မြို့တော် အော်ဆေးပန်းချီပြတိုက်အတွင်း၌ မိုနေး၏လက်ရာပေါ်၌ ကော်ကပ်ပြီး ဆန္ဒပြမှု ဖြစ်ပွား



**ပဲရစ် ဇွန် ၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော် အော်ဆေးပန်းချီပြတိုက်အတွင်း၌ ဇွန် ၁ရက်က ပြင်သစ်အင်ပရက်ရှင်ပန်းချီကျော် ကလော့ဒ်မိုနေး၏ လက်ရာပေါ်၌ ကော်ကပ်ပြီး ဆန္ဒပြမှုဖြစ်ပွားရာ အန္တပြသည့်အမျိုးသမီးကို ဖမ်းဆီးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသမီးတစ်ဦးက သွေးနီရောင်အဝတ်စတစ်စကို ကော်သုတ်ပြီး အဆိုပါပြတိုက်တွင် ပြသထားသော မိုနေး၏ နာမည်ကျော်ရှုမျှော်ခင်းလက်ရာတစ်ခုပေါ်သို့ ကပ်လိုက်ပြီး ကမ္ဘာ့ရာသီဥတုအပြောင်းအလဲအတွက် သက်ဆိုင်ရာ အစိုးရများက အရေးတယူဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ပုံကို ဗီဒီယိုရိုက်ကူးကာ အိတ်ခ်စ်လူမှုကွန်ရက်စာမျက်နှာပေါ်သို့ လွှင့်တင်ခဲ့သည်။

မှန်ဘောင်သွင်းမထားဘဲ အလွတ်ပြသထားစဉ် အဆိုပါပန်းချီကား ကင်းဗတ်စ်ပေါ်၌ ကော်ကပ်ခံရသဖြင့် ထိခိုက်ပျက်စီးမှုအခြေအနေကို အော်ဆေးပြတိုက်က သတင်းမထုတ်ပြန်ဘဲ ငြိမ်သက်နေခဲ့သည်။

၁၈၇၃ခုနှစ်က ပြီးစီးခဲ့သည်ဟုဆိုသော မိုနေး၏ ပန်းချီလက်ရာထဲတွင် ပေါ်ပီပန်းများအကြား ထီးဆောင်းပြီး လမ်းသလားနေကြသူများကို တွေ့မြင်ရမည်ဖြစ်သည်။ လွန်ခဲ့သော ဧပြီလက အလားတူဆန္ဒပြမည့်သူနှစ်ဦးကို ပြတိုက်လုံခြုံရေးများက လက်ဦးမှုရယူကာ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

# အမေရိကန်လုပ် စတားလိုင်နာ အာကာသယာဉ်လွှတ်တင်မည့် အချိန် ၂၄နာရီ ထပ်မံရွှေ့ဆိုင်း

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်အခြေစိုက် ဘိုးရင်းကုမ္ပဏီက တာဝန်ယူထုတ်လုပ်သော စတားလိုင်နာအာကာသယာဉ်လွှတ်တင်မည့် အချိန်ကို ဇွန် ၁ရက်က ၂၄နာရီ ထပ်မံရွှေ့ဆိုင်းလိုက်ရပြန်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

သင်တို့နိုင်ငံအတွက် ဂုဏ်ယူရမယ့် ထူးခြားတဲ့နေ့ကို ရောက်လာပါပြီဟု အစချီကာ ထိုအာကာသယာဉ်ပေါ်၌ စီးနင်းလိုက်ပါမည့် ဆူနီဝီလျံစ်က တိုက်ရိုက်ဗီဒီယို ထုတ်လွှင့်ချိန်တွင် အာကာသယာဉ်လွှတ်တင်မည့် အချိန်ကို ယင်းကဲ့သို့ ရွှေ့ဆိုင်း လိုက်ရခြင်း ဖြစ်သည်။



ခရီးသည်တင်လေယာဉ်များ ထုတ်လုပ်ခြင်းဖြင့် နာမည်ကျော်ကြားခဲ့သော ဘိုးရင်းကုမ္ပဏီကို အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့က စတားလိုင်နာအာကာသယာဉ်ဖြင့် အပြည်ပြည်ဆိုင်ရာအာကာသစခန်းသို့ လူနှစ်ဦး ပို့ဆောင်ပေးရန် လုပ်ငန်းအပ်နှံခဲ့သည်။ လိုက်ပါမည့် အာကာသယာဉ်မှူးများဖြစ်သော ဆူနီဝီလျံစ်နှင့် ဘွတ်ချ်ဝီလ်မိုးတို့ နှစ်ဦးနှစ်ဘက်မှ အသင့်ဖြစ်နေသော်လည်း စတားလိုင်နာ အာကာသယာဉ်ဘက်မှ အကြိမ်ကြိမ်ချွတ်ယွင်းနေသဖြင့်ခရီးစဉ်နှောင့်နှေးလျက်ရှိကြောင်း သိရသည်။ **Mon**

## ချင်းတွင်းမြစ်ရေတက်၍ ရေယာဉ်ပေါ် ကုန်ပြောင်းတင်နေသော ခြောက်ဘီးယာဉ် ဘီးကျွံ

**မုံရွာ ဇွန် ၂**

ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ကုန်တင်ရေယာဉ်ပေါ်သို့ ကုန်ပြောင်းတင်နေသော ခြောက်ဘီးယာဉ်တစ်စီး ကားဘီးကျွံ၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့များ စက်အားဖြင့် အမြန်ကူညီခဲ့ရကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကျွဲကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ ၉၂၉ ဂိတ်(သလ္လာဝတီဆိပ်)တွင် မေ ၃၁ ရက် ညနေ ၆ နာရီဝန်းကျင်က အိမ်ဆောက်ပစ္စည်းများတင်ထားသည့် NIS-SAN CONDOR အဖြူရောင် ခြောက်ဘီးယာဉ် ဘီးကျွံမှုကို ကူညီခဲ့ရခြင်း ဖြစ်သည်။

အဆိုပါ ခြောက်ဘီးယာဉ်ပေါ်မှ ပစ္စည်းများကို ချင်းတွင်းမြစ်တွင်းက ကုန်တင်ရေယာဉ်ပေါ် တင်ဆောင်နေစဉ် မြစ်ရေတက်လာကာ ကားဘီးကျွံခြင်းဖြစ်ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ကားဘီးကျွံကျနေမှုဖြစ်ပွားကြောင်း သတင်းရလျှင်ရခြင်း မုံရွာခရိုင်မီးသတ်စခန်းမှ ၁၉၁ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ Poland ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ ကျွဲကြီးရပ်ကွက် အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မုံရွာမြို့ မြန်မာနိုင်ငံလူမှုကူညီကယ်ဆယ်ရေးအသင်းမှ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၉၄)



## ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်တွင် မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ၈၂လမ်းနှင့်၈၄လမ်းကြားတွင် ဇွန် ၁ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အမရပူရမြို့နယ် မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အမရပူရမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ တမ္ပဝတီ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ထွက်ခွာငြိမ်းသတ်ရာ နံနက် ၅ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Clear Float Glass ၅၈၉၄ ဒသမ ၀၆၄ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အနော်ရထာစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Luojia-110 ဆိုင်ကယ်တစ်စီးနှင့် Canda-110 ဆိုင်ကယ်တစ်စီးကိုလည်းကောင်း၊ ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်၌ လိုင်စင်မဲ့ Luojia-110 ဆိုင်ကယ်တစ်စီး သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

## တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(ပြင်)ရှိ စိုးရွှေ ငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ နှင့် ဘိန်းဖြူ အလေးချိန် ၂၇၀ ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးရွှေ(၆၃)နှစ်အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မီနီအိုးဝေယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား

**မန္တလေး ဇွန် ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ လမ်း၈၀နှင့်၃၉လမ်းဆုံတွင် ဇွန် ၁ ရက် နံနက်ပိုင်းက မီနီအိုးဝေ ယာဉ်နှစ်စီး လမ်းဖြတ်ကူးစဉ် ယာဉ်မတော်တဆတိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသဖြင့် မဟာအောင်မြေမြို့နယ်၊ မဏ္ဍိစလလူမှုကူညီရေးအသင်း(မန္တလေး)မှ အရေးပေါ်ယာဉ်ထွက်ခွာကာ ဒဏ်ရာရရှိသောယာဉ်မောင်းနှင့် ခရီးသည် လူနာအား ရှေးဦးပြုစုပေးပြီး လူနာတင်ယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာဌာနသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

## ရုံးညောင်ပင်ရေချိုးဆိပ်တွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွား

**ညောင်ဦး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရုံးညောင်ပင်ရပ်၊ ရုံးညောင်ပင်ရေချိုးဆိပ်တွင် အမျိုးသား တစ်ဦး ရေနစ်သေဆုံးမှု မေ ၃၁ ရက် မွန်းလွဲ ၃ နာရီဝန်းကျင်က ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၅) အရန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ရေနစ်သေဆုံးသူအား ဂရုဏာရှင်လူမှုကူညီရေးအသင်းယာဉ်ဖြင့် ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြသည်။

အဆိုပါ ရေနစ်သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်ဦးမြို့နယ်ရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

၀-၀-၀-၀-၀-၀-၀

**မူးယစ်ဘေးဟူက တိုက်ဖျက်ကြ။**

## ကလေးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကလေး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စစ်ကိုင်း-ကလေးသွားကားလမ်း၊ အေးသာယာကျေးရွာအနီးရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်တစ်စီးနှင့်အတူ အမျိုးသားနှစ်ဦးအား မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အေးသာယာကျေးရွာအနီး စစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များ ပိတ်ဆို့စစ်ဆေးနေစဉ် မန္တလေးမြို့မှ ကလေးမြို့သို့ မောင်းနှင်းလာသော NPW3/5Q----------- MITSUBISHI FUSO FIGHTER ခြောက်ဘီးမော်တော်ယာဉ်အား ရပ်တန့်ရှာဖွေခဲ့ကြသည်။

ထိုသို့စစ်ဆေးရာမှ ယာဉ်ပေါ်တွင် ယာဉ်မောင်း ဝင်းအောင်ထွန်းနှင့်အတူ ယာဉ်နောက်လိုက် တင်မောင်လှတို့အား တွေ့ရပြီး ယာဉ်နောက်ခန်းအတွင်း အစိမ်းရောင်၊ အဝါရောင်ဆာလာအိတ်များဖြင့်ထည့်လျက် ပလတ်စတစ်ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် ဖြူဝါရောင်အမှုန့် အလေးချိန် ၅၅ ကီလိုဂရမ်အား သိမ်းဆည်းရမိသဖြင့် အရေးယူခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါး ဘိန်းဖြူမှုန့်များအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ယာဉ်မောင်း ဝင်းအောင်ထွန်း (၆၂)နှစ်နှင့် ယာဉ်နောက်လိုက် တင်မောင်လှ(၅၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၅၇)



# သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

## (Land restoration,desertification and drought resilence)

**'တောပင်ကိုတော်တော်ခုတ်ကြ၊ တောပြုတ်လိမ့်နောက်နောင် ၊ တောပြုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာပဲ၊ မိုးခေါင်လို့ ရေမကြွယ်၊ သဲပင်လယ်ဖြစ်လိမ့်မလွဲ'** ဟူသည့် ဆရာဇော်ဂျီ၏ကဗျာလေးသည် သစ်တော၊ သစ်ပင်များ၏ အကျိုးကျေးဇူးကို ဖော်ညွှန်းနေပြီး သစ်ပင်သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်ယူမှုများကြောင့် သစ်တောများ ပြုန်းတီးပြီး မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မြေဆီလွှာပျက်စီးခြင်းများ ဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရများ ဖြစ်သွားနိုင်ကြောင်း ထိထိမိမိ ဆုံးမညွှန်ပြထားပါသည်။

မြန်မာနိုင်ငံသည် သယံဇာတများပေါများသည်ဆိုသော်လည်း အကန့်အသတ်ဖြင့်သာ ရှိပါသည်။ သစ်တောများ၏ နှစ်စဉ်တိုးပွားနှုန်းထက် ပိုမိုခုတ်ယူသုံးစွဲပါက သစ်တောများ ပြုန်းတီးပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ မိုးခေါင်ခြင်းနှင့် နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရများ ဖြစ်ပေါ်လာနိုင်ပါသည်။ သဲကန္တာရ ဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်းကျဆင်းလာခြင်း၊ မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်း နည်းပါးလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး လူမှုစီးပွားရေးအခက်အခဲများ တိုးပွားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုများ မြင့်မားလာခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ပညာရေးနိမ့်ကျခြင်းစသည့် နောက်ဆက်တွဲ ပြဿနာများစွာဖြစ်ပေါ်လာပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာမည် ဖြစ်သည်။

မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေ နည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေထုနှင့်မြေထု အပူချိန်မြင့်မားမှုဒဏ် ကြာရှည်စွာခံစားရခြင်း၊ အပူချိန်အတက်အကျ လွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပျံမှုနှုန်း မြင့်မားခြင်း၊ စိုထိုင်းဆနိမ့်ခြင်း၊ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေးအဆင့်အတန်းနိမ့်ကျခြင်း၊ ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာ တိုက်စားမှုများခြင်း စသည်တို့သည် သဲကန္တာရဖြစ်ထွန်းလာနိုင်မှုများ၏ ဝိသေသလက္ခဏာများဖြစ်ကြောင်း ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD) အဖွဲ့မှ သတ်မှတ်ထားပါသည်။





သဲကန္တာရဖြစ်ထွန်းမှုသည် အဓိကကျသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ သစ်နှင့် ထင်းများ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများတည်ဆောက်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာများ တိုးချဲ့တည်ထောင်ခြင်း စသည့် လုပ်ဆောင်ချက်များကြောင့် အပူပိုင်းဒေသ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်းများ ဖြစ်ပေါ်ပြီး အပူပိုင်းဂေဟစနစ်ပျက်စီးကာ သဲကန္တာရဖြစ်ထွန်းလာခြင်းဖြစ်သည်။ မြေဆီလွှာပျက်စီးခြင်း၊ မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့ခြင်းကြောင့် စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုမရှိတော့သဖြင့် အဆိုပါ ဒေသနေပြည်သူများအနေဖြင့် လူမှုစီးပွားဆိုင်ရာပြဿနာများကို ရင်ဆိုင်ကြရသည်။

၂၀၅၀ ပြည့်နှစ်တွင် မိုးခေါင်မှုနှင့် ပူပြင်းခြောက်သွေ့မှု အကျိုးဆက်များသည် ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံအပေါ် သက်ရောက်နိုင်မည်ဟုလည်း ခန့်မှန်းထားပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး မိုးခေါင်မှုကာလနှင့် အကြိမ်အရေအတွက်သည် ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူပေါင်း ၅၅ သန်းသည် မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ကလေး လေးဦးလျှင် တစ်ဦးနှုန်း ရေပြတ်လပ်မှုဒဏ် ခံစားရမည်ဖြစ်ကြောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်မှု၊ ပူပြင်းခြောက်သွေ့မှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်းအပေါ် သက်ရောက်ခဲ့ပြီး ၁၁ ဒသမ ၇ သန်း အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားသည်ကို လေ့လာသိရှိခဲ့ရပါသည်။

သဲကန္တာရဖြစ်ထွန်းမှုများသည် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံ မျိုးကွဲဆုံးရှုံး ပျောက်ကွယ်ခြင်းများကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက 'ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCCD)' ကို တည်ထောင်ခဲ့ပြီး ဆုံးဖြတ်ချက်အမှတ် A/RES/49/115 ဖြင့် နှစ်စဉ် ဇွန် ၁၇ ရက်ကို 'အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့' သတ်မှတ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ကျရောက်သည့် (၅၁)ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို Saudi Arabia နိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး၊ ယခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်မှာ 'သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး (Land restoration, desertification and drought resilence) ဖြစ်ပါသည်။

သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိအား ကုလသမဂ္ဂဂေဟစနစ်ပြန်လည်တည်ထောင်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်၍ သစ်တောဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် -

(၁) သစ်တောများ ပြန်လည်တည်ထောင်ခြင်း

(၂) သဘာဝတောများထိန်းသိမ်းခြင်း

(၃) ဓမ္မတာ မျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၄) ရေများကိုချွေတာသုံးစွဲခြင်း

(၅) သန့်စင်ပြီး ပြန်လည်သုံးစွဲခြင်း

(၆) မိုးရေကို စနစ်တကျ စုဆောင်းအသုံးပြုခြင်းများ အပါအဝင်

(၇) ရေသယံဇာတများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ စီမံခန့်ခွဲခြင်း၊

(၈) လေတိုက်စားမှု၊ ရေတိုက်စားမှုများ ကာကွယ်ရန်အတွက် မြေဆီလွှာ အကာအကွယ်အဖြစ် ရှင်သန်နိုင်မည့် ဒေသမျိုးရင်းအပင်များ၊ ကြီးမြန်သစ်ပင်များ၊ အပူဒဏ်ခံနိုင်သောအပင်များ စိုက်ပျိုးခြင်း

(၉) လယ်၊ ယာအစပ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်း

(၁၀) အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း

(၁၁) တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်း၊

(၁၂) ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊

(၁၃) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ကိုင်းချိုင်ခြင်းမှ ရရှိလာသော သစ်ရွက်၊ သစ်ကိုင်းများကို အပင်ခြေတွင် စုပုံပြီး မြေဆီလွှာအား အကာအကွယ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် 'ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း' မှ တိုက်တွန်းထားကြောင်းကို လေ့လာသိရှိရပါသည်။

ထို့ကြောင့် သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်း ကျရောက်သော မြို့နယ်များသည် မိုးရေချိန်လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်အထိမြင့်မားပြီး ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်ပါသည်။ မြေတိုက်စားမှုများ၍ အပေါ်ယံမြေဆီလွှာကုန်ခန်းခြင်းကြောင့် အပင်များ သဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှပါသည်။ သစ်ပင်၊ သစ်တောများ နည်းပါးလာခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာ ပျက်စီး၍ သဲကန္တာရဖြစ်ထွန်းနိုင်ခြင်း စသည့် အခြေအနေများ (desert-like formation) ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD)အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက Focal ဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် 'ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း' အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**ရီရီထွေး(ပတ်ဝန်းကျင်)**



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်



**ပဲရစ် ဇွန် ၂**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2024 French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ချက်တင်းနစ်မယ် Marie Bouzkova အား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ရုရှားတင်းနစ်မယ် Anastasia Potapovaတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ယာပုံ)**

(NGB)

## ဟက်မန်းအား ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇွန် ၂**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဖီယင်နအသင်း နောက်ခံကစားသမား ဟက်မန်းအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၂ နှစ်အရွယ်ရှိ ဟက်မန်းသည် ဖီယင်နအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဖီယင်နအသင်းကလည်း ဟက်မန်းအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဖီယင်နအသင်းထံမှ ဟက်မန်းအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

(NGB)

## သီယိုဟာနန်ဒက်ဇ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၈၀ အဖြစ် အေစီမီလန်အသင်း သတ်မှတ်

**မီလန် ဇွန် ၂**

အေစီမီလန်အသင်းသည် အသင်း နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၈၀ အဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။




နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၃ ပွဲကစားပြီး ၂၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အေစီမီလန်အသင်းကလည်း သီယိုဟာနန်ဒက်ဇ်အတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အေစီမီလန်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း သီယိုဟာနန်ဒက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)**

(NGB)

## မိုင်နူး ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**မန်ချက်စတာ ဇွန် ၂**

ကွင်းလယ်ကစားသမား မိုင်နူး ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိအချိန်တွင် ယူရို ၂၀၂၄ပြိုင်ပွဲအတွက် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် သွားရောက်ပူးပေါင်းရခြင်းကြောင့်




စာချုပ်သက်တမ်းတိုးရန်ကိစ္စအား ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မိုင်နူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရပြီး ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသောကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား မိုင်နူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၃၅ ပွဲကစားပြီး ၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)** (NGB)

## ဂျိုဟန်ဘာကာယိုကိုအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် ဇွန် ၂**

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် ပီအက်စ်ဗွီ အသင်း တောင်ပံကစားသမား ဂျိုဟန်ဘာကာယိုကိုအား ခေါ်ယူရန် စီစဉ်လျက် ရှိသည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဂျိုဟန်ဘာကာယိုကိုသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




ပီအက်စ်ဗွီအသင်းကလည်း အသင်းဘဏ္ဍာရေးပြဿနာများကြောင့် ဂျိုဟန်ဘာကာယိုကိုအတွက် သင့်တင့်သည့်ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ် ရှိသည်။ **(အောက်ဝဲပုံ)**

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဗွီအသင်းထံမှ ဂျိုဟန်ဘာကာယိုကိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## အက်သလက်တီကိုမက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရိုဒရီဂိုဒီပေါလ် ပြောကြား

မက်ဒရစ် ဇွန် ၂

အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ရိုဒရီဂိုဒီပေါလ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား ရိုဒရီဂိုဒီပေါလ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၃၀ နှစ်အရွယ်ရှိ ရိုဒရီကိုဒီပေါလ်က ကျွန်တော် အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာရှိနေရတာ အလွန်ကြည်နူးမိပါတယ်။ ဒီအသင်းက ကျွန်တော်ပေါ်မှာ ယုံကြည်မှုတွေ အများကြီးထားရှိထားပါတယ်။ လာမည့် ဘောလုံးရာသီမှာလည်း အသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသိမ်းပိုက်သွားမှာပါဟု ပြောသည်။ (NGB)



## လမ်းပတ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဘန်လေအသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၂**

ဘန်လေအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြလမ်းပတ်အား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက် ၄၅ နှစ်အရွယ်ရှိ နည်းပြသည် လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေပြီး နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် ဒါဘီ၊ ချဲလ်ဆီး၊ အဲဗာတန် စသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦး ဖြစ်သည်။

နည်းပြ လမ်းပတ်ကလည်း ဘန်လေအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘန်လေအသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြလမ်းပတ်အား နည်းပြသစ်အဖြစ် ခန့်အပ်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)** (NGB)




## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃-၆-၂၀၂၄ တနင်္လာနေ့ | ည ၁၀း၃၀ နာရီ | ဂျီဘရော်လ်တာ - စကော့တလန် |
| " | ည ၁၁း၃၀ နာရီ | ခရိုအေးရှား - မြောက်မက်ဆီဒိုးနီးယား |
| ၄-၆-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၀း၃၀ နာရီ | အယ်လ်ဘေးနီးယား - လက်ချီစတိန်း |
| " | နံနက် ၀၁း၁၅ နာရီ | ဂျာမနီ - ယူကရိန်း |
| " | " | အင်္ဂလန် - ဘော့စနီးယား |

# ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး (ဆင့်ပွား)ရက်တိုသင်တန်း ဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ် ပညာရေးမှူးရုံးမှကြီးမှူး၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး (ဆင့်ပွား)ရက်တိုသင်တန်း ဖွင့်လှစ်ခြင်းကို ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့၊ ဇရာ ရပ်ကွက်ရှိ အမှတ်(၁) အခြေခံ



ပညာအထက်တန်းကျောင်းရှိ အေးမြသီတာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်များတွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြင့်မားလာစေရေး တက်ရောက်လာသည့် ဆရာ၊ ဆရာမများမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရေးနှင့် လက်ရှိ အခြေအနေတွင် အိုင်တီပညာမြင့်မားလာမှုကြောင့် လူငယ်များအကြားတွင် စာဖတ်ရှိန် လျော့နည်းလာပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အင်တာနက်စာမျက်နှာမှ ဖော်ပြသည့် အချက်အလက်အမှားများအား သတင်းအချက်အလက်အမှန်ဟု ထင်မြင်ယူဆလာကြကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြင့်မားလာစေရေး မိမိတို့ ဆရာ၊ ဆရာမများတွင် တာဝန်ရှိကြောင်းဖြင့် သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး (ဆင့်ပွား)ရက်တိုသင်တန်းအား ကျင်းပခဲ့ရာ တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်ကောင်းဖြစ်ပေါ်စေရန် အခြေခံ လိုအပ်ချက်များ၊ စာကြည့်တိုက်ပိုင် စာအုပ်စာစောင်များ စာရင်းသွင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်ရှိ မှတ်ပုံတင်စာအုပ်များ စာရင်းသွင်းနည်း၊ ကျောင်းစာကြည့်တိုက် စည်းမျဉ်းစည်းကမ်းများ၊ ပညာရပ်ဆိုင်ရာနှင့် မျိုးတူစုများအလိုက် ခွဲခြားထိန်းသိမ်းခြင်းတို့အား နည်းပြ ၁၁ ဦးက စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၄)



# ဖြူဟွစိုရ်စာကြည့်တိုက်သို့ သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**မန္တလေး ဇွန် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၄လမ်းနှင့် ၃၃လမ်းကြားရှိ ဖြူဟွစိုရ်စာကြည့်တိုက်သို့ ဥပဒေရေးရာနှင့် သုတရသစာအုပ်ပေါင်း ၂၀၉ အုပ် ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဖြူဟွစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဒေါက်တာယဉ်ယဉ်ကြူ (ပါမောက္ခ၊ မြန်မာဘာသာဌာန) MUFL မောင်နှမများက သုတရသစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်နှင့် အဖွဲ့အားဖြူဟွစိုရ်အသင်းဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်မောင်လေး(ပါမောက္ခ-ငြိမ်း)က ဖြူဟွစိုရ်စာကြည့်တိုက် ဖွင့်လှစ်၍ ပညာလိုလားသူများအား ကူညီပံ့ပိုး၍ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(PNT)

# သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍ အသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အဝင် ၂၃(C)လမ်းမြောင်းအတွင်းမှ ဒိုက်စာများကို လုပ်သားများက ၉၁လမ်းနှင့် ၉၂လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအရှေ့ဘက်ပတ်လမ်း ချမ်းသာရတံတားတောင်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းနှင့် ကြည်းချောင်း ဆုံသည့်နေရာတွင် ဒိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့်ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦးနှင့် ဘက်ဟိုးစက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၇၀ ခန့် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂)၊ ၃၂လမ်းနှင့်၃၃လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မန္တလေးနေ့စဉ်-၃



# မိုးစပါးတွင် Seeder ရာနှုန်းပြည့်မီရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လယ်ဝေး ဇွန် ၂**



ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ်မိုးစပါးတွင် Seeder ရာခိုင်နှုန်း ပြည့်မီရန် မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က အမှာစကားပြောကြားပြီးနောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးရာသီတွင် Seeder အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဝင်းအောင်တို့က Seeder ဖြင့် အစိုမျိုးစေ့ချစိုက်ပျိုးခြင်း၊ အခြောက်မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် ပေါင်ချ၍ စိုက်ပျိုးခြင်းနည်းစနစ်များအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရေးတာဝန်များ ပေးအပ်သည်။ လယ်ဝေးမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် ကြဲခင်းစနစ်ပပျောက်ရေးအတွက် မိုးစပါးစိုက်ဧက ၆၂၆၇၈ ဧကအား ပျိုးထောင်စိုက် ၃၃၆၇၈ဧက၊အခြောက်မျိုးစေ့ချစက်ဖြင့် ၇၅၀၀ ဧကနှင့် အစိုမျိုးစေ့ချ စက်ဖြင့် ၅၁၈၁၁ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ဝတ္ထုတိုကဏ္ဍ

# ထူးဆန်းသောအမွေ

**စောချိုသာ**



(၂၇-၅-၂၀၂၄)စာမျက်နှာ-၁၄မှအဆက်

ကျွန်ုပ်၏ဦးလေး အပါးကြီးသာထူး၏ဘဝနှင့်ပတ်သက်၍ သိမှီသလောက်ပြောရပါမည်ဆိုလျှင် ထိုစဉ်က ဘုန်းတော်ကြီးသင်ပညာရေးသာ ထွန်းကားခဲ့သည်မို့ ကိုရင်ဝတ်မှတစ်ဆင့် သာသနာ့ဘောင်တွင် ပျော်ပိုက်လျက် အတော်ကြီးဉာဏ်ရည်ပြည့်ဝသဖြင့် ပထမကြီးအောင်သည်အထိ နေဖြစ်သည်။ သူ၏ဖခင်ဖြစ်သူ ကွယ်လွန်ရာမှ မိမိအိမ်ကို ပြန်လည်စောင့်ရှောက်ရန် သာသနာ့ဘောင်မှ ထွက်ခဲ့သည်။ ထို့နောက် အိမ်ထောင်ကျသည်။ မိမိ၏မိသားစုပိုင်ဆိုင်သော လယ်ယာမှာမကျယ်ဝန်းသဖြင့် ရန်ကုန်သို့တက်၍ ရဟန်းဘဝက အတူစာဝါတက်ခဲ့သော မိတ်ဆွေဘုန်းကြီးကျောင်းတွင် တည်းခိုလျက် မုန့်ဟင်းခါးရောင်းသည်။ ချွေတာစုဆောင်းလျက်ရရှိသော ငွေစကလေးများကို အတိုးရင်းပွားပေးသည်။ သို့နှင့်တစတစ အဆင်ပြေလာပြီးနောက် လယ်လေးတစ်ဧကစ၊ နှစ်ဧကစ ဝယ်နိုင်လာသည်အထိ တိုးတက်လာသည်။ ထိုစဉ် ကျွန်ုပ်တို့ အမျိုးထဲတွင် ရေခြားမြေခြား၌သွားရောက်လျက် စီးပွားရှာသည်မှာ အလွန်ရှားပါးသည်ဟု ဆိုရပေမည်။ နှစ်အတော်ကြာရန်ကုန်၌ တစ်ယောက်တည်း စီးပွားရှာပြီးနောက် အတန်အသင့်စုမိသောအခါ ပြန်လာ၍ ယခင် သူဝယ်ယူစုဆောင်းထားသော လယ်ကလေးများကို သူကိုယ်တိုင်ထွန်ယက်လျက် ဦးစီးလုပ်ကိုင်သည်။ ယခုအခါ သူ့တွင်လယ်ဆယ်ဧကရှိပြီ ဖြစ်သည်။ ထို့နောက် ရွာတွင် ရပ်ရေး၊ ရွာရေးကအစ ဦးဆောင်လျက် စွမ်းစွမ်းတမံဆောင်ရွက်သွားခဲ့သည်မှာ ကျွန်ုပ်တို့လူလားမြောက်သည့်အထိပင် ဖြစ်သည်။ ကျွန်ုပ်၏လက်ထက်တွင် ဦးလေးပြောသည့်အတိုင်း လုပ်ခဲ့ပါသည်။အောင်မြင်မှုများရှိသကဲ့သို့ ရှုံးနိမ့်မှုများလည်း ရှိခဲ့ပါသည်။ သို့သော် ထူးခြားသည်မှာ စိတ်ထဲတွင် ရှေးဦးမဆွမှ အဘိုး၊ အဘွားများက မိမိအား စောင့်ရှောက်နေသည်ဟု ယုံကြည်နေပါသည်။ အခက်အခဲများနှင့်ရင်ဆိုင်လာရသောအခါများတွင်လည်း ကြံဖန်၍ ထွက်ပေါက်ရကာ အဆင်ပြေသွားတတ်ပါသည်။ မိမိအား ကူညီမည့်သူများနှင့်လည်း ကြံဖန်၍ တွေ့တတ်ပါသည်။ နောင် ရွာပြန်ရောက်၍ ထိုအခြင်းအရာများကို ဦးလေးအားပြောပြသည့်အခါ ဦးလေးသည်ပြုံး၍ ကြည့်နေတတ်ပါသည်။ တစ်ခါက်သော် ရွာသို့ပြန်ရောက်စဉ်က "ကိုယ့်အမျိုးထဲမှာ အားနည်းချက်ရှိပြီး ကြိုးစားလိုစိတ်ရှိသူ၊ ရိုးသားထက်မြက်သူ တစ်ယောက်ယောက်တော့ ရှာထားပေါ့ကွာ" ဟု ပြောဖူးပါသည်။

ပဲခူးတိုင်း လက်ပံတန်းမြို့နယ်ရှိ ပဲခူးရိုးမနှင့် မလှမ်းမကမ်းတွင်ရှိသော ကျွန်ုပ်၏ ဇာတိရွာကလေးဖြစ်သည့် "ထန်းပင်ချောင်" ကျေးရွာကလေးသည် ကျွန်ုပ်အား စိမ်းလန်းသာယာစွာဖြင့် စောင့်ကြိုနေပါသည်။

ထိုရွာတွင် ကျွန်ုပ်၏ဘဝကို တိုးတက်ပြောင်းလဲစေရန် ကူညီထောက်ပံ့ခဲ့သော အပါးကြီးသာထူး၏ ရုပ်ကလာပ်က စောင့်ကြိုနေပါသည်။ ရောက်လျှင်ရောက်ခြင်းပင် သူ၏ရုပ်ကလာပ်ကို သွားရောက်ကန်တော့ရင်း သူပေးခဲ့သော ဝါးကျည်တောက်ကလေးအား သူနှင့်အတူ ကူထည့်ပေးလိုက်ရန်စိတ်ကူးမိသဖြင့် အခေါင်းအတွင်းရှိ သူ၏ရင်ဘတ်ပေါ်တွင် တင်ထားခဲ့ပါသည်။

အကြောင်းမှာ ကျွန်ုပ်အရွယ်ရောက်၍ စဉ်းစားတတ်လာသည့်အခါ ကိုယ်ကာယစွမ်းအား နွမ်းပါးချို့တဲ့သော ကျွန်ုပ်အား အများနှင့်အတူ ရင်ပေါင်တန်းနိုင်ရန် စိတ်ဓာတ်စွမ်းအားမြှင့်တင်ပေးသည်ဟု နားလည်သဘောပေါက်လာခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော် ထိုဝါးကျည်တောက်ကလေးအား တရိုတသေ သိမ်းထားခဲ့ပါသည်။

ယခုတွင် သူ၏လက်ဆောင် အဆောင်ကလေးအား သူ့ကို ပြန်ပေးပြီးခဲ့ချေပြီဟု စိတ်တွင်းဝယ်ပြောမိရင်း ကျေနပ်နေမိပါသည်။ သူ၏ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရန်အတွက် တူများ၊ မြေးများက တစ်လှည့်စီထမ်း၍ သုသာန်သို့ သယ်ဆောင်ကြသည်။ ကျွန်ုပ်မှ ဝင်၍ ထမ်းသောအခါ ခွင့်မပြုကြ။

လူငယ်တွေက သူတို့ချည်းပြုလုပ်လိုဟန်ရှိသဖြင့် အနီးကသာ လိုက်ခဲ့သည်။ သုသာန်တွင် မီးမသင်္ဂြိုဟ်မီ နောက်ဆုံးအနေဖြင့် အခေါင်းကို ဖွင့်လျက် ကြည့်ခွင့်ပြုကြသည်။

ထိုအချိန်တွင် သူတစ်ခါကပြောခဲ့ဖူးသော **"ကိုယ့်အမျိုးထဲမှာ အားနည်းချက်ရှိပြီး ကြိုးစားလိုစိတ်ရှိသူ၊ ရိုးသားထက်မြက်သူ တစ်ယောက်ယောက်တော့ ရှာထားပေါ့ကွာ"** ဟူသည့် စကားကို ပြန်လည်ကြားယောင်မိသဖြင့် "ဟော့ဟော့ မောက်ို့မောက်ို့ (ခဏလေး ခဏလေး)" ဟု ဆိုကာ ခေါင်းတလားကို မပိတ်ခင်လေးအမီပင် ဝါးကျည်တောက်ကလေးထည့်ထားသည့် ဖျင်ကြမ်းအိတ်ကလေးအား အချိန်မီပင် ဆွဲယူနိုင်ခဲ့ပါသည်။ မှန်ပါသည်။ သူကျွန်ုပ်အား ကူညီပံ့ပိုးခဲ့သကဲ့သို့ ကျွန်ုပ်သည်လည်း မိမိ၏တူသားနောင်မယ်များအတွင်းမှ စိတ်အား၊ ကိုယ်အား ချို့တဲ့နေသော သူတစ်ယောက်ယောက်အားတွေ့ရှိပါက သူကဲ့သို့ မကူညီသင့်ပေဘူးလားဟု တွေးလိုက်မိရင်း မျက်ရည်တို့က အလိုလိုကျလာလေသည်။ ညာဘက်လက်တွင် ဆုပ်ကိုင်ထားသော ဝါးကျည်တောက်ကလေး၏ ပိုင်ရှင်အသစ်ကို ရှာရပေဦးတော့မည်။ အို ငါ့တူငါ့သား ငါ့အမျိုးများတို့ မစိုးရိမ်လင့် သင်တို့အတွက် အဆောင်ကောင်းတစ်ခု ငါ၏လက်အတွင်းတွင် ရှိနေချေပြီ ဟု---။



## စာပေချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်း ကျင်းပ

**ရေနံချောင်း ဇွန် ၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ စာပေချစ်မြတ်နိုးသူများအသင်း(Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပ သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ ရေနံ့သာစနေကဗျာဝိုင်းမှ ကဗျာဆရာများက ကဗျာများကို ဖတ်ရှုခဲ့ကြသည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နှံ့ရုံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နှံ့ရုံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နှံ့ရုံကပ်စာစောင်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

**စာအုပ်၊ စာပေ လူ့မိတ်ဆွေ ။**

## ဧက ၂၀၀ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ဘောင်ကြီးတင်စနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားသော ဧက ၂၀၀ နွေနှမ်း (ဆင်းရတနာ ၄ မျိုး) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေအား ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာ ကွင်းနှစ်ကွင်းရှိ တောင်သူ ၈၈ ဦးမှ ဘောင်ကြီးတင်စနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားသော ဧက ၂၀၀ နွေနှမ်း(ဆင်းရတနာ ၄မျိုး) စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်းစိုက်ဧကများမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နွေနှမ်းအထွက်နှုန်းတိုးတက်စေရေး၊ နွေနှမ်းရိတ်သိမ်းပြီးစီးပါက မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး ကြိုတင်ပျိုးထောင်ထားရှိရေး၊ ဆောင်းသီးနှံ ပဲစိုက်ပျိုးရေး၊ ကင်းတားဆည်ရေသောက်ဧရိယာဖြစ်၍ တစ်နှစ်သုံးသီး စိုက်ပျိုးစေလျက် သီးထပ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ရေး၊ တောင်သူများ လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိရေး စိုက်ပျိုးရေးဌာနမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



# ယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စကားပြောနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ




**မန္တလေး ဇွန် ၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ အမှတ်(၁၆) နေမင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၌ ယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စကားပြောနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ခေမာစာရက အဖွင့်အမှာစကားမိန့်ကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွဏ်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ ဆရာမဒေါ်သီတာချိုက သင်တန်းများအလိုက် ပညာသင်ကြားရမှုအခြေအနေများ၊ ဆရာဦးအာကာဖြိုးက အင်္ဂလိပ်စကားပြောသင်တန်းတက်ရောက်ရခြင်း၏ အကျိုးကျေးဇူးများ၊ ဆရာမတစ်ဦးက သင်တန်းပြီးဆုံးအောင် တက်ရောက်ကြသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်က သင်တန်းတွင် သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အရပ်အမှုဆောင်များက သင်တန်းထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ချီးမြှင့်၍ တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းအလိုက် ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက မိမိတို့တက်ရောက်ပညာသင်ယူခဲ့ကြသော သင်တန်းများအလိုက် အရည်အချင်းများကို (Presentation) တင်ဆက်ခြင်း၊ သင်တန်းသူ မခင်လဲ့လဲ့ဖူးက သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပြီး ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၇၃ ဦး၊ အခြေခံကွန်ပျူတာ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးနှင့် အင်္ဂလိပ်စကားပြော သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၃၀ ဦးတို့အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၅၃)

# ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ပရိသတ်များမှ စာအုပ်များ လှူဒါန်း

**တပ်ကုန်း ဇွန် ၂**



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ စာပေဗဟုသုတရရှိစေရန်နှင့် စာပေဖတ်ရှုပြီး အသိပညာဉာဏ် ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိရာ ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခြင်းကို ဇွန်၁ရက်မွန်းလွဲပိုင်းတွင် စာဖတ်ပရိသတ်တစ်ဦးက လာရောက်လှူဒါန်းသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အပတ်စဉ် အင်္ဂါနေ့မှ စနေနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ အသင်းဝင်ရောက်မှုနှင့် သုတရသ စာအုပ်စာစောင်များအား ငှားရမ်းပေးမှုကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး Digital Library Management System (DLMS)စနစ်၊ စင်ဖွင့်စနစ်တို့ဖြင့် ရက်သတ္တပတ်ငှားရမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကြိုးတစ်ချောင်းရဲ့ ခံနိုင်ရည်

* သူပြိုင်
ကိုယ်ပြိုင် ။
* ကိုယ်နိုင်
သူနိုင် ။
* သူမှန်
ကိုယ်မှန် ။
* ကိုယ့်ထုံးစံ
သူ့ထုံးစံ ။
* သူငြင်း
ကိုယ်ငြင်း ။
* ကိုယ်တင်း
သူတင်း ။
* ဒီလိုနှန်းနဲ့
အဆုံးမသတ်
တို့မရပ်ရင်-----
ကြိုးပြတ်တော့မယ် သူငယ်ချင်း ။ ။

**ချမ်းမြေ့မိုး(မန္တလေး)**

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ရေနံချောင်း ဇွန် ၂**



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နဝဒေးခန်းမ၌ ယမန်နေ့ နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ အတွင်းရေးမှူး ရဲမှူးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ချောက်ခရိုင်ပညာရေးမှူး ဦးမန်းအောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာကြီး၊ ဆရာမကြီးများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ချောက်ခရိုင်ပညာရေးမှူးနှင့်အတွင်းရေးမှူးတို့က အခမ်းအနားကျင်းပရခြင်းအကြောင်းနှင့်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

(၄၇၂)

# ကလေးငယ်များ၏ အနုပညာလက်ရာ ပန်းချီပြပွဲနှင့် နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂**



Outstanding Knowledge Education Centreမှ ကလေးငယ်များ၏ အနုပညာလက်ရာပန်းချီပြပွဲနှင့် နွေရာသီသင်တန်းဆင်းပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၇လမ်း၊ ၁၀၃ လမ်းနှင့်၁၀၄ လမ်းကြားရှိ Collector's Soul Art Gallery အနုပညာပြခန်းတွင် ကျင်းပခဲ့သည်။

ပန်းချီပြပွဲတွင် နွေရာသီသင်တန်းဆင်းကလေးငယ် ၁၀၀ ဦးခန့်၏ ပန်းချီကားလက်ရာစုံ ၂၀၀ ခန့်အား ပြသခဲ့ကြောင်း သိရသည်။ **(ဓဲပုံ)**

(၀၇၀)

## သတင်းပဒေသာ

### ၁၂ ဘီးကားဝယ်ယူရန် အလှူတော်ငွေများ လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် သဖန်းကိုင်း ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကြို၊ ကျောင်းပို့အတွက် ၁၂ ဘီးကားဝယ်ယူရန် အလှူတော်ငွေများကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းခဲ့သည်။ လှူဒါန်းရာတွင် နောင်ချိုမြို့နယ် လုံရုံး ကျေးရွာအုပ်စု၊ ကုန်းစံကျေးရွာနေ ဦးမြင့်ဇော်+ဒေါ်မိငယ် မိသားစုက အလှူငွေကျပ် သိန်းငါးဆယ် လှူဒါန်းခဲ့ရာ သဖန်းကိုင်းဆရာတော်မှ လက်ခံရယူပြီး လှူဒါန်းမှုအတွက် အလှူရေစက်ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းမြို့နယ်တွင် ဒေသခံ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မတော်တဆ ယာဉ်တိုက်မှုများ လျှော့ချရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိရှိနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက မက်မန်းမြို့၊ ဗိုလ်ချုပ်လမ်းဆုံတွင် ဌာနဆိုင်ရာများစုပေါင်း၍ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် လွိုင်လင်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နမ့်စန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း ပေလေးပင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အ·ထ·က မိုင်းတုံကျောင်းဝင်းရှိ နီလာဆောင်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပရာ ခရိုင်/မြို့နယ် တာဝန်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ခရိုင်/မြို့နယ်မှ တာဝန်ရှိဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်း အုပ်စု၊ သရက်ညိုကုန်းကျေးရွာရှိ မင်းကြီးပရဟိတဖောင်ဒေးရှင်းတွင် သုံးစွဲရန်အတွက် ယာဉ်ဝယ်ယူရန် အလှူရှင် ပြင်ဦးလွင်မြို့နေ ဦးဝင်းသိန်း + ဒေါ်ခေမာဝင်း မိသားစုက မေ ၂၉ ရက် နံနက်ပိုင်း၌ မင်္ဂလာနှစ်(၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မ,တည် အလှူငွေကျပ် သိန်းငါးဆယ်ကို မင်းကြီးဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(ကဆ)



## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၈၁)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားနီချက်၊ ပဲတီချဉ်သုပ်၊ ငရုတ်သီးကြော်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များအား နံနက် ၅ နာရီမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)(ကဆ)**

## ဒုတိယအကြိမ် သံဃာအပါး ၃၀၀ ဆွမ်းလောင်းလှူ

**စစ်ကိုင်း ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ဒုတိယအကြိမ် သံဃာအပါး ၃၀၀ ဆွမ်း လောင်းလှူပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပခဲ့သည်။

မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်လေးတိုက်မှ ဆရာတော်၊ သံဃာတော် အပါး ၃၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များက ဆွမ်းနှင့်ဆွမ်းဟင်းများ၊ သစ်သီးများ လောင်းလှူခဲ့သည်။

ပြီးခဲ့သည့် မေလမှစတင်၍ ပထမအကြိမ် ဆွမ်းလောင်းလှူခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက လစဉ် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကဆ)**

## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်သော စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၆ နာရီခွဲက နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ ခရေဆောင် ပတ်ဝန်းကျင်၌ ခရေပင် ၅၀ ပင်၊ ငုရွှေဝါ ၂၅ပင်၊ ရေတမာ ၂၅ပင်နှင့် ဗာဒံပင် ၁၀ပင်တို့အား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်နှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၅၃)**



## တံတားဦးခရိုင်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၆၁၁ ဦး ကျောင်းအပ်လက်ခံပြီးစီး

**တံတားဦး ဇွန် ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ တံတားဦးခရိုင်၌ ကျောင်းသား၊ ကျောင်းသူများ အားလုံး အခြေခံပညာကျောင်းများ အသီးသီးတွင် မေ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်လက်ခံ ဆောင်ရွက်နေသည်။

တံတားဦးခရိုင်တွင် မြို့နယ်ပေါင်း နှစ်မြို့နယ်ပါဝင်ပြီး တံတားဦးမြို့နယ်တွင် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၇၆၀ ဦး၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူပေါင်း ၄၄၆၃ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၆၉၃၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၃၁၅၈ ဦး၊ ငါန်းဇွန်မြို့နယ်တွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၈၃၂ ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၈၆ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၈၆၃၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁၄၅၃ ဦး ကျောင်းအပ်လက်ခံဆောင်ရွက်ပြီးကြောင်းနှင့် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပြီးသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံတို့ကို သတ်မှတ်အတန်းအလိုက် နိုင်ငံတော်မှ အခမဲ့ ထောက်ပံ့ပေးခြင်းဖြစ်သည် ။

တံတားဦးခရိုင်အနေဖြင့် အခြေခံပညာအထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ပေါင်း ၂၅၉၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၆၄၄၉ ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၂၅၅၇၀ ဦး ကျောင်းအပ်လက်ခံပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၃၄၆၁၁ ဦးဖြစ်ကြောင်းနှင့် ကျောင်းအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ခုနှစ် ဇွန် ၃ ရက် နံနက်ပိုင်းမှ စတင်ပြီး သင်ခန်းစာများ စတင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း တံတားဦးခရိုင် ပညာရေးမှူး ဒေါ်သန်းသန်းဦးထံမှ သိရသည်။**(၄၀၉)**

# သာစည်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သာစည် ဇွန် ၂**

အခြေခံပညာကျောင်းများ ဖွင့်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ပညာသင်နိုင်ရန် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် အမှိုက်များအား ရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၈၇)



# ပွင့်ဖြူမြို့နယ်၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ အခြေခံပညာကျောင်းများ ကျောင်းအဂ်ါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် ရည်ရွယ်၍ ဇွန် ၁ ရက် နံနက် ၇ နာရီက ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်မြတ်ခိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ ပူးပေါင်းပြီး ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းအား ကျောင်းဥပမိရုပ်ကောင်းမွန်စေရေး၊ စာသင်ကျောင်းဆောင်များ လေဝင်လေထွက်ကောင်းမွန်စေရေးအတွက် ကျောင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်၌ ကျောင်းဖွင့်ရာသီချိန်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ စုပေါင်းပြီး ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာ သင်ယူခွင့် အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် မေ ၂၃ရက်မှစပြီး ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၃၁ ရက်အထိ (ထက် ၊ လယ်၊ မူ)အဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းဦးရေ ၂၆၁၈၁ ကျောင်းအပ်လက်ခံ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးထံမှ သိရသည်။

(အပေါ်ပုံ)(၄၄၅)

# ကျွန်းလှမြို့နယ်၌ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



"ကျွန်းလှမြို့နယ်မှာ ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို လစဉ်လဆန်းတစ်ရက်မှ စတင်ပြီး အသက်အရွယ်လိုက် ထိုးနှံတိုက်ကျွေးပေးပါတယ်။ မြို့ပေါ်ရပ်ကွက်ရှိ ကလေးများကို မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနနဲ့ ကျေးရွာများရှိ ကလေးများကို မြို့နယ်ပြည်သူ့ဆေးရုံမှာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

# လိုင်ချီးသီးများ လှိုင်လှိုင်ပေါ်ချိန် ဒေသခံပြည်သူများ အပိုဝင်ငွေ ရရှိ

**ကသာ ဇွန် ၂**

တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးများ လှိုင်လှိုင်ပေါ်နေသည့်အတွက် အလုံး ၃၀ပါ တစ်တွဲ ငွေကျပ် ၇၀၀ဖြင့် ဈေးကွက်သို့ ဖြန့်ချိရောင်းချပေးနေကြောင်း ကသာမြို့ လိုင်ချီးသီးရောင်းသူထံမှ သိရသည်။

"အသီးစပေါ်ချိန် အလုံး၃၀ပါ တစ်တွဲကို ငွေကျပ် ၁၀၀၀နဲ့ ရောင်းရပြီး အသီးလှိုင်လှိုင်ပေါ်သည့်အချိန်တွင် တစ်တွဲလျှင် ငွေကျပ် ၇၀၀နဲ့ ရောင်းရပါတယ်။ အသီးပေါ်ချိန် ရက်သတ္တနှစ်ပတ်က သုံးပတ်အတွင်းသာ သီးတာပါ။ အချိန်တိုတဲ့အတွက် စားသုံးသူတွေအနေနဲ့ အသီးပေါ်ချိန်မှာ ဝယ်ယူစားသုံးကြရတာပါ။ ရပ်ဝေးက မိသားစုဝင်တွေ၊ မိတ်ဆွေတွေဆီကို လက်ဆောင်ပို့ကြတာများတယ်" ဟု လိုင်ချီးသီးရောင်းသူက ပြောသည်။

ကသာဒေသတွင် မိုးမကျမီ မေလအတွင်း တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးလှိုင်လှိုင်ပေါ်ပြီး ကသာမြို့ပေါ်ရှိ ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် မိဿလင်းရွာ၊ တုံးပေါ်ရွာ၊ နလယ်အင်းရွာ၊ ကပ္ပလိပ်ရွာ၊ ပေါမမြိုင်ရွာတို့တွင် အများအပြား စီးပွားအဖြစ် စိုက်ပျိုးကြသည်။

လိုင်ချီးသီးပင်ကို ကိုင်းဆက်ကူး စိုက်ပျိုးပါက သုံးနှစ်အတွင်း အသီးသီးပြီး အစေ့ကို စိုက်သောအပင်များသည် ခုနစ်နှစ်အကြာမှ အသီးစတင်သီးသည်။ စိုက်ပျိုးသူအများစုအနေဖြင့် ကိုင်းဆက်ပျိုးပင်ကိုသာ စိုက်ပျိုးကြလေ့ရှိပြီး အသီးသီးပြီးပါက ကိုင်းများကို ထင်းအဖြစ် အသုံးပြုနိုင်၍ စိုက်ပျိုးသူများအနေဖြင့် ဝင်ငွေလည်းရ၊ ထင်းလည်းရသည့် နှစ်ရှည်သီးနှံပင် ဖြစ်သည်။

(အပေါ်ယာပုံ)

(၃၉၄)



ဝ-ဝ-ဝ-ဝ-ဝ-ဝ

# နနွင်းတစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဖြင့် ရောင်းချရသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါး၊ နှံစားပြောင်း၊ ပြောင်းဖူး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ချည်မျှင်ရှည်ဝါ၊ ငှက်ပျော၊ သရက်၊ ကွမ်း၊ ရှောက်၊ သံပရာ၊ နနွင်းစသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်းနှင့် နနွင်းတစ်ပိဿာငွေကျပ် ၁၅၀၀၀ ဈေးဖြင့် ရောင်းချရသဖြင့် နနွင်းလက်ဝယ်ရှိသော တောင်သူများ အဆင်ပြေလျက်ရှိသည်။

နနွင်းသီးနှံသည် မြေတွင်းအတက်ပွားသည့် သီးနှံဖြစ်သောကြောင့် စိုက်ပျိုးမည်ဆိုပါက အမြင့်တစ်ပေ၊ အကျယ်သုံးပေခန့် မြေပေါင်များ ပြုလုပ်ကာ စိုက်ပျိုးရကြောင်း၊ ရေကြိုက်နှစ်သက်သဖြင့် အစိုဓာတ်မပြတ် ရေသွင်းပေးရကြောင်း စိုက်ပျိုးရာ၌ နနွင်းခေါင်းစိုက်ပျိုးခြင်း၊ နနွင်းအတက်မျိုးစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုး စိုက်ပျိုးကြကြောင်း၊ နနွင်းခေါင်းမျိုးစိုက်ပျိုးပါက တစ်ဧက ပိဿာ ၅၀၀ခန့် စိုက်ပျိုးရပြီး အတက်မျိုးစိုက်ပျိုးပါက ပိဿာ ၆၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ငါးလက်မအကွာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးလေးလခန့်တွင် နနွင်းအပွင့်များ စတင်ပွင့်ပြီး အပိုဝင်ငွေအဖြစ် ချိုးယူရောင်းချပါက နနွင်းတစ်ဧကတွင် ငွေကျပ် ၁၀၀၀၀၀ခန့် ရရှိကြောင်း၊ စိုက်ပျိုးပြီး ရှစ်လကျော်တွင် နနွင်းအတက်များ စတင် တူးဖော်ရပြီး နနွင်းတစ်ဧကတူးဖော်ပါက မြေအမျိုးအစားနှင့် စိုက်ပျိုးချိန်တွင် ဂရုစိုက်မှုအပေါ် မူတည်၍ နနွင်းတက်အစိုပိဿာ ၃၇၀၀မှ ၄၀၀၀ ပိဿာထွက်ရှိကြောင်း နနွင်းစိုက်တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နနွင်းသီးနှံများကို ပေါင်လောင်ကြီး၊ ပွတ္တိုင်၊ ညောင်ဝန်း၊ ကြောင်ပန်းကုန်း၊ သင်္ဂတုံ၊ အရှေ့သာဂရ၊ ကလေး၊ မိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ ဟံမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကာ၊ သံရွာ၊ ခါးတက်ကုန်း၊ ဆူးလေကုန်း၊ ပေါက်ပင်ကျွေ၊ မြေစိုမိုး၊ ပဲခင်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၄၈၅)

# ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပွင့်ဖြူ ဇွန် ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်း ဝင်းမြေကွက်လပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန(တာဝန်ခံ) ဦးအောင်ကျော်မိုးက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရေး အတွက် သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများထံ စိုက်ပျိုးမည့် အရိပ်ရပျိုးပင်များကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းအဖွဲ့က သတ်မှတ်နေရာများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးအတွက် မယ်ဇယ်ပျိုးပင် ၁၀၀၊ တမာပျိုးပင် ၁၀၀၊ ဇန်ဒါပျိုးပင် ၁၀၀၊ စုစုပေါင်း အရိပ်ရပျိုးပင် ၃၀၀ အား တစ်ပျော်တစ်ပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



အဆိုပါ အရိပ်ရပျိုးပင်များကို ရှင်သန်ကြီးထွားဖွံ့ဖြိုးစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ရေလောင်းခြင်း၊ လိုအပ်သည့် မြေဩဇာကျွေးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း စသည့် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တော၊ သစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု အပူဒဏ်ကာကွယ်၍ အရိပ်အာဝါသနှင့် မျက်စိပသာဒ အကျိုးဖြစ်စေရန် ရည်ရွယ်၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးခြင်းများကို နှစ်စဉ် ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# မိုးစပါးသီးနှံစိုက်ပျိုးရေးအတွက် သွင်းအားစုများ ပံ့ပိုးခြင်းအခမ်းအနား ကျင်းပ

**ရပ်စောက် ဇွန် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ ရောင်ခြည်ဦးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများသို့ မြို့နယ်သမဝါယမအသင်းစု ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးသော အခြေခံသမဝါယမအသင်းသား တောင်သူ ၃၁ ဦးတို့၏ (၃၂၁ ဒသမ ၅) ဧကအတွက် ၆၄၃ သိန်းနှင့် ညီမျှသောသွင်းအားစုများ ပေးအပ်ခဲ့ရာ သွင်းအားစုများပေးအပ်ပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြသည်။

မိုးစပါးသီးနှံ စိုက်ပျိုးရာ၌ တောင်သူများ သွင်းအားစုအခက်အခဲမရှိစေရေးအတွက် စပါး တစ်ဧကတွင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသောသွင်းအားစုများနှင့် မြို့နယ်သမဝါယမအသင်းစုမှ ထုတ်လုပ်သော စွမ်းထက်သဘာဝမြေဩဇာများကို ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ထွက်ရှိလာသည့် စပါးများ ရောင်းချရာ၌လည်း သတ်မှတ်ကာလပေါက်ဈေးဖြင့် ဈေးကောင်းရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသည့် နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း ဇွန် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် အင်ဘက်ကုန်းကျေးရွာ၊ စနစ်တကျ လယ်မြေအတွင်း ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နှမ်း ၁၁၂ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူထံမှ သိသည်။



အဆိုပါကျေးရွာ စနစ်တကျ လယ်မြေအတွင်း ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများတွင် စနစ်တကျစိုက်ပျိုးရေး၊ မျိုးစေ့ကုန်ကျမှုသက်သာရေး၊ ရေသွင်းရေထုတ်မှန်ကန်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်ရေးနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တန့်ယန်း ဇွန် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးလွယ်ကာခေတ်မီစံပြကျေးရွာတွင် ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ဇွန် ၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။ (အပေါ်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာခေတ်မီစံပြကျေးရွာတွင် ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် နာနတ်ခင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ လစဉ် ဖြည့်သွင်းရေးဆွဲရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရေးဆွဲထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ နမ့်ဟူးလွယ်ကာခေတ်မီစံပြကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း RBF ရန်ပုံငွေကျပ် သန်း ၃၀ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစုအဖွဲ့ လေးဖွဲ့သို့ ထုတ်ချေးပေးထားပြီး အဆိုပါချေးငွေဖြင့် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဌာနပေါင်းစုံ စုပေါင်းဆောင်ရွက်

**ရေဦး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်တွင် ပြည်သူ့အကျိုးပြု လုပ်ငန်းဖြစ်သော ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဇွန် ၁ ရက် နံနက် ၇ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ပြုလုပ်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးမင်းသူရ ကြီးကြပ်မှုဖြင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပင်များ၊ ပေါင်းမြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စာသင်ဆောင်များတွင် တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၇)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၈)၊ ဦးပိုင်အမှတ်(၈-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကရှိ ဦးဇော်ရဲထက်၊ ဒေါ်ချစ်ဆုဆုဝေ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့်ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၇၉၅/၂၀၂၃ အရ လက်ခံရယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးပြည့်ဖြိုးအောင်(အဘ)ဦးအောင်သန်း (၈/ရစက(နိုင်)၁၃၇၁၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**
အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊(၁၀၉လမ်းမှဝင်ရမည်။)
မြို့သစ်(၂)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၁၂၁-က)၊ ဧရိယာ (၁၅ပေ×၄၀ပေ)အကျယ်အဝန်းရှိ ဦးခေတ်မောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့်ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဖခင် ဦးခေတ်မောင် ကွယ်လွန်ခဲ့ပြီးနောက် (၁၉-၁၁-၂၀၂၂)ရက်စွဲပါ မိသားစု သဘောတူညီစီမံမှုကတိစာချုပ်အရ မိမိတို့က ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်နန်းပေါ (အဘ) ဦးဘ(၉/မနတ(နိုင်)၀၃၉၂၆၄)၊ (သား) ဦးသောင်းမြင့်ဌေး(အဘ) ဦးခေတ်မောင်(၉/မနတ (နိုင်)၁၀၅၂၇၆) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်(တရားလွှတ်တော်ရှေ့နေ)**
အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊(၁၀၉လမ်းမှဝင်ရမည်။)
မြို့သစ်(၂)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်၊ အကွက်အမှတ်(၄၃၄)၊ ဦးပိုင်အမှတ်(၁/၁၀)၊ မြေဧရိယာ(၀ ဒသမ ၂၃)ဧကအတွင်းရှိ မြေကွက်သီးနှံမြေလုပ်ကိုင်သော အရှေ့အနောက်(၈၈ပေ)၊ တောင်မြောက်(၉၄ ပေ) မြေအစိတ်အပိုင်းကိုရောင်းချသူ ဦးသက်သက်ခိုင်(ခ)ဦးသက်ခိုင်က အမွေဆက်ခံ၍ ၄င်းတစ်ဦးတည်းပိုင်ဆိုင်သည်ဟု ထုတ်ဖော်ဝန်ခံပြီးရောင်းချခဲ့ပါသည်။

ရောင်းချသည့် ကာလတန်ဖိုးငွေများကို ဝယ်ယူသူ ဒေါ်အေးအေးမွန် ပါ မောင်နှမ(၇)ဦးတို့က အပြေအကြေ ပေးသွင်းထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက စာချုပ်စာတမ်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနိုင်လင်းအောင်(LL.B)(တရားလွှတ်တော်ရှေ့နေ)**
**အကွက်(၅၁၁)၊ မဟာအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၅၁၀၀၀၉၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ခ)၊ ဦးပိုင်အမှတ်(၂၀) ဧရိယာ(၀ ဒသမ ၁၁၄၀)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မေသန်းနွဲ့(၁၃/တကန(နိုင်)၀၁၉၆၆၈)က ပိုင်ဆိုင်မှုဂရန်စာချုပ်မူရင်းပြသပြီး လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများထဲမှအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးကျော်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၇၅)**
**ရုံးခန်း – ၆၄လမ်း၊ ခိုင်ရွှေဝါလမ်းနှင့်မနော်ဟရီလမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၃၃၁၄၊ ၀၉-၂၅၉၂၀၄၇၅၇**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်(၆၉၃)၊ တိုက်ခန်းအမှတ်(G-10)၊ မြေညီထပ် တိုက်ခန်းပိုင်ဆိုင်သူ ဒေါ်လှိုင်လှိုင်မြင့်(၉/မထလ(နိုင်)၁၇၅၀၅၉)ထံမှ ကျွန်တော် ဦးမင်းထွဋ်အောင်(၁၂/ကမတ(နိုင်)၀၀၂၆၂၄)က ဝယ်ယူ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တိုက်ခန်းအမည်ပြောင်း တင်ပြလျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ ဖြစ်စေ၊ အောက်ပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးမင်းထွဋ်အောင်**
**အခန်း(G-10)၊မြေညီထပ်၊အကွက်(၆၉၃)၊မဟာနွယ်စဉ်ရပ်ကွက်၊မဟာအောင်မြေမြို့နယ်။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၆)၊ ဦးပိုင်အမှတ် (၂၁+၂၂)၊ ဧရိယာ (၀ ဒသမ ၁၁၀၂ + ၀ ဒသမ ၁၁၀၂)ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော ရဲမွန်တာဝါလူနေတိုက်ခန်း(၉)ထပ် အဆောက်အအုံ၏ (၆)လွှာ၊ အခန်းအမှတ်(၆၀၅)၊ အိပ်ခန်း(၂)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ ဝရန်တာပါပြီး စတုရန်းပေ ၉၆၀ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းအတွင်းရှိ ရေ+မီး၊ အဲယားကွန်း(၃)လုံး၊ ရေပူ+ရေစက်(၂)လုံး၊ ဧည့်စုပ်ပန်ကာ(၁)လုံး သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိအမည်ဖြင့် တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ဝင်းထွန်း(အဘ) ဦးကျန်ချန်ယုံ(၉/မကန (နိုင်)၁၄၈၉၁၄)၏ကိုယ်စား တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးမင်းနိုင်ထွန်း(၉/မကန(နိုင်)၁၄၉၁၄၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**
အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊(၁၀၉လမ်းမှဝင်ရမည်။)
မြို့သစ်(၂)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၁၀၁)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်အေးအေးထား(ဘ) ဦးဘိတင်(၉/မနတ(နိုင်)၀၁၇၈၅၅)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကိုကိုနိုင်(ဘ)ဦးခင်မောင်ထွေး (၅/မမတ(နိုင်)၀၀၇၈၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊**
**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးသာလှိုင်(ဘ)ဦးပု(AE-၂၁၁၄၂၈)အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ရ(ဘ)ဦးဒေါင်း (EMDY-၂၉၇၆၈၃၊ ၉/မရတ(နိုင်)၀၀၈၉၄၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P (အထက်တန်းရှေ့နေ)**
**၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊**
**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၅၁၄၀၄၇၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၉)၊ ဦးပိုင်အမှတ်(၁၉-က)၊ လမ်း၆၀နှင့်၆၁လမ်းကြား၊ မဥ္ဇူလမ်းနှင့်ပိတောက်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်လွင်(EQ-၀၅၀၆၁၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၇၇/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းဝဏ္ဏ(၁၃/လခန(နိုင်) ၀၀၂၁၃၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၉)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ(၆၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်သည် ဦးမောင်လွင်(ဘ)ဦးမိုးကြည်(၉/ပသက (နိုင်)၀၂၁၁၀၆)အမည်ဖြင့်ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းညွန့် (ဘ)ဦးညွန့်မောင်(၅/ကလတ(နိုင်)၀၀၇၁၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P ၊ (အထက်တန်းရှေ့နေ)**
**၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၅၁၄၀၄၇၈**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိ အသုံးချနိုင်ရေး အရေးကြီး...

❖ မိမိတို့၏အသုံးပြုမှုသည် အခြားသူကိုထိခိုက်နစ်နာမှုများမဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဇွန် ၂**

ဥပဒေရေးရာဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက ကြီးမှူး၍ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ပညာရေးဒီဂရီကောလိပ်၊ ပညာတန်ဆောင်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော ဆရာ၊ ဆရာမများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဖိတ်ကြားထား

စာမျက်နှာ ၄ သို့ ❑

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: WWW. doca.gov.mm ၊ Facebook page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Face book page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

o-o-o-o-o

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲဝင် မြန်မာယူ-၁၉ အသင်း၏ ပွဲစဉ်ဇယားထွက်ပေါ်

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်းသည် အုပ်စု(B)တွင် ဗီယက်နမ်အသင်းနှင့်အဖွင့်ပွဲစတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာဘာရာမြို့တွင် ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အုပ်စုသုံးစုခွဲထားကာ အုပ်စုတစ်ခုစီမှ အုပ်စုပထမရသော အသင်းသုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယရသော အသင်းတစ်သင်း၊ စုစုပေါင်းအသင်းလေးသင်း ဆီမီးအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

အုပ်စု(A)တွင် အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်တို့ ကျရောက်နေပြီး အုပ်စု(C)တွင် မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့ ကျရောက်နေသည်။

မြန်မာယူ-၁၉ အသင်းအနေဖြင့် ဇူလိုင် ၁၈ ရက် မြန်မာစံတော်ချိန် ည(၇)နာရီတွင် ဗီယက်နမ်၊ ဇူလိုင် ၂၁ ရက် ည ၇ နာရီတွင် လာအို၊ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဩစတြေးလျအသင်းတို့နှင့်ကစားရမည်ဖြစ်သည်။

**(NGB)**

